ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော်၇ရက်၊ အင်္ဂါနေ့၊ (13-1-2004)(၄၁၁၄)

ပူဇာစ ပူဇနေယျာနံ့ တေံ မင်္ဂလ မုတ္တမံ။	ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ယနေ့ထုတ်စောင်ရေ ၁၉၈၁၄၄

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်(ITF)နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်(TFM) တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Menon နှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF) မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (TFM) ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co, Ltd)၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲

ဖဲကြိုးဖြတ် ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Menon တို့က အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- **နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး**
- **အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး**
- **ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး**
- **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- **စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး**
- **ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- **နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး**

လူမှုရေး ဦးတည်ချက် (၄)ရပ်

- **တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး**
- **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**
- **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်တီးဝိုင်းပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ဒုတိယနေ့ပြိုင်ပွဲအဖြစ် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ မှော်ဘီမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား၊ကျောင်းသူလေးများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြု ဖျော်ဖြေကြသည်။

ယှဉ်ပြိုင်

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၃–၁–၂၀၀၄
(အင်္ဂါနေ့)

မြန်မာ့ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

အရည်အသွေးမြင့်မားသည့်ဆန်များ ထုတ်လုပ်ရေးဆောင်ရွက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၈ရက် နံနက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲကို –

- **အပြည်ပြည်ဆိုင်ရာ ဆန်ဈေးကွက်များတွင် မြန်မာ့ဆန် ပြန်လည်နေရာ ရရှိလာစေရန်နှင့် ဈေးကွက်ကို ထိန်းထားနိုင်ရန်၊**
- **အရည်အသွေးမြင့်မားသည့် မြန်မာ့ဆန်များ ထုတ်လုပ်နိုင်စေရန်၊**
- **မြန်မာနိုင်ငံ၏ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊**
- **ဒေသဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊**
- **အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိအောင် ဆောင်ရွက်နိုင်စေရန်**

ဟူသည့် ရည်ရွယ်ချက် ငါးရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

နိုင်ငံတော်က ဆန်စပါးရောင်းဝယ်ရေး မူဝါဒသစ် ပြဋ္ဌာန်းကြေညာခဲ့ပြီးနောက် ပုဂ္ဂလိကများအနေဖြင့် ဆန်စပါးကို ပြည်တွင်း၊ ပြည်ပတွင် လွတ်လပ်စွာရောင်းဝယ်ခွင့် ရရှိနေပြီဖြစ်ရာ အရည်အသွေးမြင့်မားသည့်ဆန်များ ထုတ်လုပ်ရေးမှာ အရေးပါလျက်ရှိသည်။ ထို့အတူ အရည်အသွေးမြင့်မားသည့်ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် ဆန်စက်များခေတ်မီတိုးတက်လာရေးမှာလည်း အဓိကအခန်းကဏ္ဍက ပါဝင်နေသည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိက ဆန်စက်အများစုသည် နှစ်ပေါင်း ၄၀၊ ၅၀ခန့်ကတည်းက တည်ဆောက်ကြိတ်ခွဲလာသဖြင့် ယခုအခါ၌ အရည်အသွေးမြင့်မားသည့်ဆန်များ မကြိတ်ခွဲနိုင်တော့၍ ပုဂ္ဂလိကဆန်စက်များ ခေတ်မီတိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန်အရည်အသွေး မြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများ၊ စိုက်ပျိုးရေးနည်းပညာနှင့် လိုအပ်ချက်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။

ထို့အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆန်စပါး အရည်အသွေးမြင့်မားရေးအတွက် စာတမ်းဖတ်ပွဲကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သည်။

မြန်မာ့ဆန်စက်လုပ်ငန်း ပြပွဲ–၂၀၀၄တွင် ပြည်တွင်းကုမ္ပဏီများ သာမက ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီများ စုစုပေါင်း ကုမ္ပဏီ ၃၆ ခုတို့က ဆန်စက်များ၊ ဆန်စက်နှင့် ဆက်စပ်သည့် စက်ကိရိယာယူနစ်များ၊ ဆန်စက်အပိုပစ္စည်းများ၊ အခြားစက်ပိုင်းဆိုင်ရာ ပစ္စည်းများကို ပြသကြသည်။

ထို့အတူ ပြည်နယ်နှင့်တိုင်းများရှိ စက်မှုဇုန်များဖြစ်သည့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း(အရှေ့)၊ ပဲခူးတိုင်း(အနောက်)၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်စက်မှုဇုန်တို့ကလည်း ဆန်စက်များနှင့် ဆန်စက်အပိုပစ္စည်းများကို ခင်းကျင်းပြသကြသည်။

ထို့ပြင် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ ကျင်းပနေစဉ်အတွင်း မြန်မာပညာရှင်များ၊ ဂျပန်ပညာရှင်များနှင့် မလေးရှားပညာရှင်များက ဆန်စက်များအကြောင်း၊ ဖွဲနုဆီစက်ထုတ်လုပ်ပုံ၊ စပါးအခြောက်ခံစက်၊ ပေါင်းဆန်ထုတ်လုပ်မှု၊ ဆန်သုံးစွဲမှု ပုံစံအမျိုးမျိုး၊ ဆန်စပါးလုပ်ငန်းနှင့်စံချိန်စံညွှန်း၊ ဆန်စက်များ ခေတ်မီတိုးတက်ရေး၊ မြန်မာ့ဆန် ကမ္ဘာ့ဈေးကွက်တွင် တွင်ကျယ်စွာရောင်းချနိုင်ရေးစသည့် ဘာသာရပ်ဆိုင်ရာ စာတမ်းများကို တင်သွင်းဖတ်ကြား ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ သည် ပုဂ္ဂလိကပိုင်းက ဆောင်ရွက်နေသည့် ဆန်ကြိတ်ခွဲထုတ်လုပ်ရေးကဏ္ဍကို မြှင့်တင်ပေးသော ပြပွဲဖြစ်သည်နှင့်အညီ မြန်မာ့ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေး မြင့်မားသည့်ဆန်များ ထုတ်လုပ်ကာ အပြည်ပြည်ဆိုင်ရာ ဆန်ဈေးကွက်၌ မြန်မာ့ဆန် ပြန်လည်နေရာရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် စာပေထုတ်ဝေရေးလုပ်ငန်း နှီးနှောဖလှယ်ပွဲ စတုတ္ထနေ့တွင် နှီးနှောဖလှယ်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)က တင်ပြဆွေးနွေးကြမည့် ဘာသာရပ်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းစဉ်။

(သတင်းစဉ်)

စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ခန်းမ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပသည်။

တက်ရောက်

နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်)နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ၊ လာရောက်လေ့လာကြသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နှီးနှောဖလှယ်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့် (မောင်ဆုရှင်) က တင်ပြဆွေးနွေးကြမည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းသည်။

ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် စာရေးဆရာမဒေါ်ရင်မြိုင်(မိုးပန်းမွှန်–ရာမည) တို့က ဆောင်ရွက်ကြသည်။

ဆက်လက်၍ သဘာပတိ စာရေးဆရာဒေါက်တာတင်ထွန်းဦးကစာတမ်းဖတ်ကြားမည့် စာတမ်းရှင်များအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

မြန်မာ နိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး ကျင်း ပ သည့် စာပေထုတ်ဝေရေး လုပ်ငန်း နှီးနှော ဖလှယ်ပွဲ စတုတ္ထနေ့တွင် ဒုတိယ ဗိုလ်မှူး ကြီး အုန်းမောင်(ငြိမ်း)(မြင်းမူ မောင် နိုင် မိုး) က“ကဗျာကဏ္ဍ” စာတမ်း ကိုဖတ်ကြားတင်သွင်းစဉ်။

(သတင်းစဉ်)

ပထမပိုင်း

ယင်းနောက် နှီးနှောဖလှယ်ပွဲ ပထမပိုင်း အစီအစဉ်ကို စတင်ကျင်းပရာ သဘာပတိအဖြစ် စာရေးဆရာ ဒေါက်တာတင်ထွန်းဦးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးမောင်လှိုင်(မောင်ဆွေငယ်)နှင့် ဦးဝင်းမော်(Forever)တို့က ဆောင်ရွက်ကြသည်။ အခမ်းအနားမှူးအဖြစ်

ဖတ်ကြားတင်သွင်း

ထို့နောက် စာတမ်းရှင် ဦးကြိုင်မြင့် (မောင်ရန်ရှင်း)က “ဖြန့်ချိ သူကဏ္ဍ” စာတမ်းကို လည်းကောင်း၊ ဦးမျိုးမြတ်သူက မြန်မာအီလက်ထရောနစ် စာအုပ် “e - Book”နှင့်ပတ်သက်သည့် စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ပထမပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

နှီးနှောဖလှယ်ပွဲ ဒုတိယပိုင်း အစီအစဉ်များကို ညနေပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် စာရေးဆရာမကြီး ဒေါ်စောမုံညင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စာရေးဆရာမကြီး ဒေါ်ကြန်နှင့် စာရေးဆရာ ဦးသိန်းညွှန့် (ညွှန့်ဝေ–ကသာ)တို့က ဆောင်ရွက်ကြပြီး သဘာပတိက စာတမ်းရှင်များအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

ထို့နောက် စာတမ်းရှင် ဦးချစ်နိုင် (ချစ်နိုင်–စိတ်ပညာ)က “သုတကဏ္ဍ” စာတမ်းကို လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)က “ကဗျာကဏ္ဍ” စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိလိုသည့် မေးမြန်းချက်များကို စာတမ်းရှင်က ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် သဘာပတိ စာရေးဆရာမကြီး ဒေါ်စောမုံညင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ နှီးနှောဖလှယ်ပွဲကို ရပ်နားလိုက်သည်။

အဆိုပါနှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၃ရက်အထိ ဆက်လက်ကျင်းပမည် ဖြစ်သည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

✻ မြှောက်တိုင်းလည်း မမြှောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

ရန်ကုန်တက္ကသိုလ် သချာ်ာ မိသားစု အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၂

သင်္ချာမိသားစု၏ အာစရိယ ပူဇော်ပွဲကို ရန်ကုန်တက္ကသိုလ် သင်္ချာဌာန၌ ဇန်နဝါရီ၃ရက်နံနက် ကကျင်းပရာ ရှေးဦးစွာ တွဲဖက်ပါမောက္ခ ဒေါက်တာခင်အေးအေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ပါမောက္ခ ဦးဘတုတ်က သြဝါဒ စကားပြောကြားပြီး ပါမောက္ခဌာနမှူး ဒေါက်တာကြည်ကြည်အောင်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

(က–ပ)

ဟာသဂျာနယ် အတွဲ(၂) အမှတ်(၂၄)ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၁၂

တွတ်တွတ်၏ မျက်နှာဖုံးကာတွန်းနှင့် ကာတွန်းမြင့်သိန်း၏ စံရွှေမြင့် ကာတွန်းဇာတ်လမ်း အပါဝင် ဆရာပြည့်စုံ (သွေးသောက်)၊ ဆရာသာဂဒိုး၊ ဒေါက်တာခင်မောင်ညို၊ မြေဇာ၊ သုဝဏ္ဏကျော်စိန်၊ ဆြာကြီးထိန်၊ ဇေရယ်၊ နွယ်တမယ်အောင်မြင့်၊ ကျော်ဖြိုးလွင်၊ အောင်ကောင်းတို့၏ ဟာသအတွေးအရေး ရုပ်ရှင် ဇာတ်လမ်းများဖြင့် “ဟာသ” ဂျာနယ်အတွဲ(၂) အမှတ်(၂၄)ကို ဝါမိုးအောင်စာပေ အမှတ် ၅၉၂ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ပုံ)** (က–ပ)

အမေရိကန်တပ်ဖွဲ့ဝင်များ၏ လက်ချက်ကြောင့် သေဆုံး ဒဏ်ရာရသည့် အီရတ်နိုင်ငံသားများအား လျော်ကြေးမပေးဘဲလျစ်လျူရှုခဲ့ဟုဝေဖန်

ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံရှိ အမေရိကန်သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့ကြောင့် သေဆုံးခဲ့သည့် အီရတ်နိုင်ငံသားများ သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခဲ့သူ အီရတ်နိုင်ငံသားများအား လျော်ကြေးမပေးဘဲ လျစ်လျူရှုခဲ့ကြကြောင်းဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် တရားမျှတရေးအုပ်စုက အပြင်းအထန်တိုက်ခိုက် ပြောကြားခဲ့သည်။

စောင့်ကြပ်

အီရတ်နိုင်ငံရှိ အမေရိကန်နှင့် အပေါင်းပါ သိမ်းပိုက်ရေးတပ်ဖွဲ့များ၏ လုပ်ရပ်ကို စောင့်ကြည့်လေ့လာရန် ထူထောင်ထားသည့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် တရားမျှတရေး အုပ်စုက ယင်းသို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

မျက်ကွယ်ပြု

အီရတ်နိုင်ငံသားများက လျော်ကြေးတောင်းခံခဲ့သည်များကိုလည်း ရည်ရွယ်ချက်ရှိရှိဖြင့် မျက်ကွယ်ပြုကာ အမေရိကန်တပ်ဖွဲ့ဝင်များ၏ အီရတ်နိုင်ငံသားများအား ညှဉ်းပန်းနှိပ်စက်မှုများကိုလည်း လစ်လျူရှုထားကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

မငြင်းပယ်သင့်

ယင်းကိစ္စများနှင့် ပတ်သက်၍ အမေရိကန်တပ်ဖွဲ့များကို ပြစ်ဒဏ်ပေးမှု အစဉ်အလာမရှိကြောင်း၊ အရေးပါသော ကိစ္စများကို ယုတ္တိမတန်သော အကြောင်းပြချက်များပြကာ ငြင်းပယ်ခြင်း မပြုသင့်ကြောင်းဖြင့် ၎င်းအုပ်စု၏ သုတေသီ ဂက်စ်ပါရိုလီက ပြောကြားသည်။

တောင်းဆို

အမေရိကန် စစ်ဘက်က လျော်ကြေးငွေတောင်းဆိုမှုပေါင်း ၅၄၀၀ နီးပါး လက်ခံ ရရှိခဲ့ကြောင်း၊ အမှုပေါင်း ၄၁၄၈ ခုကို စစ်ဆေးဆုံးဖြတ်ခဲ့ပြီး ၁၈၇၄ မှုကို ငြင်းပယ်ခဲ့ကြောင်း အဆိုပါအုပ်စုက ပြောကြားသည်။

လျော်ကြေး

အမေရိကန်အစိုးရကမူ လျော်ကြေးငွေအဖြစ် ဒေါ်လာသန်းပေါင်းများစွာ ပေးခဲ့ပြီးကြောင်း ပြောကြားခဲ့သည်။

ပြတ်ပြတ်သားသားမရှိ

သို့ရာတွင် အဆိုပါအုပ်စုက အမေရိကန်တို့၏ ပြောကြားမှုသည် မှန်ကန်မှု မရှိကြောင်း ပြောကြားသည်။

အင်တာနက်။

မီးလောင်ပျက်စီးနေသည့် ယာဉ်တစ်စီး

ဇန်နဝါရီ ၉ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဗုံးတစ်လုံး ပေါက်ကွဲပြီးနောက် မီးလောင်ပျက်စီးနေသည့် ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမ်မရာမြို့၌ လူငါးဦးသေဆုံးခဲ့ရသည့် ပစ်ခတ်မှုဖြစ်ပွားပြီး နောက်တစ်ရက်တွင် အီရတ်နိုင်ငံသားများ ထပ်မံစုရုံးဆန္ဒပြ

အမ်မရာ(အီရတ်) ဇန်နဝါရီ ၁၂

အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များက ဆန္ဒပြသမားများအား ပစ်ခတ်ခဲ့သည့်အတွက် အနည်းဆုံး လူငါးဦး သေဆုံးခဲ့ရပြီး နောက်တစ်ရက်အကြာ တနင်္ဂနွေနေ့နံနက်က အီရတ်နိုင်ငံတောင်ပိုင်း အမ်မရာမြို့၌ အီရတ်နိုင်ငံသား ဆန္ဒပြသမားအများအပြားသည် ထပ်မံစုရုံးရောက်ရှိကြသည်။ ယင်းသို့ စုရုံးရောက်ရှိရာတွင် အကြမ်းဖက်မှုဖြစ်ပွားသည့် သတင်းများ မရရှိခဲ့ပေ။

သေဆုံး

ဘဂ္ဂဒက်မြို့အရှေ့တောင်ဘက်မိုင် ၂၃၀ အကွာ အမ်မရာမြို့တွင် စနေနေ့က ရုန်းရင်းဆန်ခတ်ဖြစ်ပွားရာ အနည်းဆုံး လူခြောက်ဦးသေဆုံးကာ ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြို့ခံဆရာဝန်တစ်ဦးက ပြောကြားသည်။

ဖော်ပြထား

အမ်မရာမြို့ရှိ ယာယီအစိုးရရုံး၏ အပြင်ဘက်တွင် ဆန္ဒပြပွဲကျင်းပစဉ် အီရတ်ရဲတပ်ဖွဲ့က ၎င်းတို့အား ပစ်ခတ်သည်ဟုယူဆခဲ့ရာမှ အကြမ်းဖက်မှုဖြစ်ပွားခြင်းဖြစ်သည်ဟု လန်ဒန်မြို့တွင် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ပြန်လည်ပစ်ခတ်

ဆန္ဒပြသမားများကို အီရတ်ရဲတပ်ဖွဲ့က ပစ်ခတ်ပြီး ၎င်းတို့အား အကူအညီပေးရန် သံချပ်ကာကားများဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဖြန့်ချထားခဲ့ကြောင်း ကြေညာချက်တွင်ပါရှိသည်။ လက်ပစ်ဗုံးများနှင့် အပစ်ခံရသည့်အတွက် ဗြိတိသျှတပ်သားများက ပြန်လည်ပစ်ခတ်ခဲ့သည်ဟုဆိုသည်။

ပစ်ခတ်

ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် တစ်ဦး သို့မဟုတ် နှစ်ဦး သေဆုံးဖွယ်ရှိကြောင်း ဗြိတိသျှ ကြည်းတပ်မှ ဗိုလ်မှူးတမ်စမစ်က ရိုက်တာရုပ်မြင်သံကြားသို့ တနင်္ဂနွေနေ့က ပြောကြားသည်။

အင်တာနက်။

အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ကယ်ကွတ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်သတ်

တီကရစ်(အီရတ်) ဇန်နဝါရီ ၁၂

အမေရိကန်တပ်ဖွဲ့ဝင်များက လူသတ်သမားများဟု ထင်မှတ်မှားကာ အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့မှ ခိုက်ရန်ဖြစ်ပွားနေသည့် အီရတ်နိုင်ငံသား ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ပစ်သတ်လိုက်ကြကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားလိုက်သည်။

အိမ်ထောင်စုနှစ်စု ခိုက်ရန်ဖြစ်ကြကြောင်း သောကြာနေ့က သတင်းရရှိသောကြောင့် အမှတ်(၁၇၃) လေကြောင်းချီတပ်မဟာမှ တပ်ဖွဲ့ဝင်များကို ဖြေရှင်းရန် သက်ဆိုင်ရာကစေလွှတ်လိုက်ကြောင်း၊ ယင်းတပ်ဖွဲ့ဝင်များ ရောက်ရှိနေစဉ်လက်နက်များကိုင်ဆောင်၍ အိမ်အားသေနတ်ဖြင့် ပစ်ခတ်နေသည်ကို တွေ့ကြကြောင်းဖြင့် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

တပ်ဖွဲ့ဝင်များ ယင်းတို့အနီးကပ်သွားသောအခါ ဖော်ပြပါ အီရတ်နှစ်ဦးသည် ထွက်ပြေးရန် ကြိုးပမ်းကြကြောင်းဖြင့် အမှတ်(၄)ခြေလျင်တပ်မမှ ဗိုလ်မှူးဂျိုးစလင်း အမ်ဘာလီကပြောကြားသည်။

တပ်ဖွဲ့ဝင်များက ၎င်းတို့နောက်သို့လိုက်ခဲ့ပြီး ထွက်မပြေးရန်သတိပေးကာ ခြိမ်းခြောက်သည့်အနေဖြင့် သေနတ်ဖြင့်ပစ်ရာ အဆိုပါအီရတ်နှစ်ဦးက ပြန်လည်ပစ်ခတ်ခြင်း မရှိကြကြောင်း၊ တပ်ဖွဲ့ဝင်များက တစ်ဦးကို ပစ်သတ်လိုက်ပြီး ဒဏ်ရာရသူတစ်ဦးသည် ဆေးရုံမရောက်မီ သေဆုံးသွားကြောင်း၊ တတိယမြောက်လူမှာ အထိအခိုက်မရှိကြောင်း အေဘာလီကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လုံခြုံရေးစောင့်ကြပ်

ဇန်နဝါရီ ၉ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် ညပိုင်း၌ စီးနင်းဝင်ရောက်ရှာဖွေမှုများ ပြုလုပ်စဉ် အမေရိကန်ကြည်းတပ်မှ တင့်ကားတစ်စီးက လုံခြုံရေးစောင့်ကြပ်နေစဉ်။

အင်တာနက်။

ကမ္ဘာကြီး ပူနွေးမှုကြောင့် ၂၀၅၀ ပြည့်နှစ်မတိုင်မီ ဟင်းသီးဟင်းရွက်နှင့် တိရစ္ဆာန်မျိုးစိတ် တစ်သန်းပျောက်ကွယ်နိုင်

ဝါရှင်တန် ဇန်နဝါရီ ၁၂

ဟင်းသီးဟင်းရွက်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း တစ်သန်းခန့်သည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ၂၀၅၀ ပြည့်နှစ်မတိုင်မီ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း လေ့လာသုတေသနပြုချက်တစ်ရပ်ကို နေးချားမဂ္ဂဇင်းတွင် ဖော်ပြပါရှိကြောင်း သိရသည်။

ဆင်များ၊ ပင်ဒါများ၊ ဖျံများသည် လာမည့်ရာစုနှစ်အတွင်းတွင် ပျောက်ကွယ်သွားနိုင်သည်။ ကမ္ဘာကြီး ပူနွေးလာမှုသည် အပင်များနှင့် သတ္တဝါများကို ထိခိုက်ပျက်စီးစေကြောင်း သုတေသီများက ရှာဖွေတွေ့ရှိခဲ့ပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေသော မျိုးစိတ်များသည် ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာကြီးပူနွေးလာမှု အနည်းငယ်သာ မြင့်တက်လာပါက မျိုးစိတ်များ၏ သုံးပုံတစ်ပုံသည် လာမည့်ရာစုနှစ်အတွင်း မျိုးသုဉ်းသွားနိုင်ပြီး ကမ္ဘာကြီးပူနွေးမှု ပိုမိုမြင့်တက်လာပါက မျိုးစိတ်ထက်ဝက်ခန့် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း သိရှိရသည်။

ထို့ကြောင့် ဖန်လုံအိမ် အာနိသင်ဖြစ်ပေါ်စေသော ဓာတ်ငွေ့များကို အမြောက်အမြား ဖြတ်တောက်လျှော့ချပြီး ကမ္ဘာကြီး ပူနွေးလာမှုကို ထိန်းချုပ်မှုမရှိပါက အပင်နှင့်သတ္တဝါများ မျိုးသုဉ်းသွားနိုင်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အမေရိကန်တပ်ဖွဲ့ဝင်များ အငှားယာဉ်ကိုပစ်၍ လေးဦးသေဆုံး အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးနေ

တီကရစ် ဇန်နဝါရီ ၁၀

ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ဖြစ်သော တီကရစ်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်က အမေရိကန်တပ်ဖွဲ့ဝင်များက ခရီးသည်တင် အငှားကားတစ်စီးကို စက်သေနတ်ဖြင့် ပစ်သဖြင့် ခုနစ်နှစ်အရွယ်ကလေးတစ်ဦးအပါအဝင် အီရတ်အရပ်သားလေးဦး သေဆုံးပြီး ယာဉ်မောင်းဒဏ်ရာရသွားသည့်အမှုကို အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးနေကြောင်း အေပီကဖော်ပြထားသည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ တီကရစ်မြို့မှ အီရတ်ရဲတပ်ဖွဲ့ဝင်များက ကျည်ဆန်ရာများ ပြည့်နှက်နေသည့် အငှားယာဉ်ကို တွေ့ရှိပြီးနောက် ဒဏ်ရာရသူ ယာဉ်မောင်းကို ဆေးရုံသို့ ပို့ပေးလိုက်သည်။

ပစ်ခတ်

ဇန်နဝါရီ ၃ ရက်နေ့ညနေက သူသည် ခရီးသည်လေးဦးကို တင်ဆောင်လျက် ကားကို မောင်းလာပြီး အမေရိကန်တပ်ဖွဲ့မှဟမ်ဗီးကား လေးစီးပါဝင်သည့်ယာဉ်တန်း နောက်ပိုင်းကိုမီလာရာ ကားတန်းနောက်ဆုံးမှ ဟမ်ဗီးကားက ကျော်မောင်းသွားရန် အချက်ပြသဖြင့် ၎င်းက ကားတန်းကို ကျော်တက်မောင်းနှင်ခဲ့ကြောင်း ရှေ့ဆုံး ဟမ်ဗီးကားက ၎င်း၏အငှားကားကို စက်သေနတ်ဖြင့် ပစ်ခတ်ကြောင်း တက္ကသီသမား အလာဝီက ပြောဆိုသည်။

အမေရိကန်စစ်ဘက်က အဆိုပါ သေနတ်ဖြင့်ပစ်မှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ သို့သော်စုံစမ်းစစ်ဆေးသူများက ကောက်ချက်မချနိုင်သေးကြောင်း တီကရစ်အခြေစိုက် အမှတ်(၄) ခြေလျင်တပ်မ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ဂျိုဇလင်းအဘာလေက ပြောဆိုသည်။

ဆက်ဒမ်ဟူစိန်အား သစ္စာခံသူများအား ဖမ်းဆီးရန် ရည်ရွယ်သည့် သောကြာနေ့က နေအိမ်များကို ဝင်စီးစဉ် အမေရိကန်တပ်ဖွဲ့ဝင်များသည် နေအိမ်တံခါးများကို ကန်ဖွင့်ပြီး အမျိုးသားများနှင့် ဆယ်ကျော်သက် ကလေးများကို အိပ်ရာမှဆွဲထုတ်ကြသည်။ သက်ကြီးမကင်းသည့် လူ၃၀ ကိုလည်း ဖမ်းဆီးခဲ့သည်။

မဖွယ်မရာဆက်ဆံ

အမေရိကန်တပ်ဖွဲ့ဝင်များ၏ မဖွယ်မရာဆက်ဆံမှုကြောင့် ပြည်သူများက အော့နှလုံးနာ သွားကြလိမ့်မည်ဖြစ်ကြောင်း အငှားယာဉ်မောင်းသူ အလာဝီကပြောကြားလိုက်သည်။

အင်တာနက်။

ဇန်နဝါရီ ၈ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အီရတ်နိုင်ငံသားများအား စစ်ဆေးရန် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးက စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်နှင့်ပတ်သက်သည့် သမ္မတဘုရှ်၏ ထပ်မံစွပ်စွဲချက် နှစ်နိုင်ငံ ဆက်ဆံရေးပြေလည်ဖွယ်ရှိနေမှုကို ဖျက်ဆီးရာရောက်

တီဟီရန် ဇန်နဝါရီ ၁၀

အမေရိကန် သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်၏ အီရန်နိုင်ငံနှင့် ပတ်သက်သည့် ထပ်မံစွပ်စွဲချက်သည် နှစ်နိုင်ငံအတွင်း ဆယ်စုနှစ်များစွာကြာခဲ့သည့် ရန်လိုမှုအခြေအနေမှ ဆက်ဆံရေး ပြေပြစ်လာဖွယ်ရှိနေမှုကို ဖျက်ဆီးလိုက်ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံ၏ သြဇာတိက္ကမရှိသော သမ္မတဟောင်း ရပ်ဖ်ဆန်ဂျာနီက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံ ဘမ်မြို့တွင် ငလျင်လှုပ်ခဲ့ပြီးနောက် မြေငလျင် ဒုက္ခသည်များသက်သာရေးအတွက် လူလူချင်းစာနာထောက်ထားရေးဆိုင်ရာ အကူအညီများပေးခဲ့မှုနှင့် ဆယ်စုနှစ်နှစ်စုကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အီရန်သို့ တရားဝင် အလည်အပတ်သွားရောက်ရန် အမေရိကန်အဆိုပြုချက်တို့ကြောင့် အီရန်အစိုးရက ဝမ်းမြောက်ဝမ်းသာရှိခဲ့ကြောင်း ရပ်ဖ်ဆန်ဂျာနီက တီဟီရန်ရှိ ဝတ်ပြုဆုတောင်းသူများအား ပြောကြားခဲ့သည်။

အမေရိကန်တို့က နှစ်နိုင်ငံကြားရှိ ပြဿနာများ စေ့စပ်ညှိနှိုင်းရေးနှင့် ဖြေရှင်းရေးအတွက် လမ်းဖွင့် ပေးရန်လိုလားကြသည်ဟု မိမိတို့က ကနဦးပိုင်းကာလတွင် လေ့လာသုံးသပ်ခဲ့ကြကြောင်းစသည်ဖြင့် ၎င်းက ရေဒီယိုမိန့်ခွန်းတွင် ဆက်လက်ပြောကြားသည်။

သမ္မတဘုရှ်က အီရတ်နိုင်ငံသည် လူအစုအပြုံလိုက်သေစေနိုင်သည့် အဖျက်လက်နက်များရှိကြောင်း၊ အကြမ်းဖက်မှုများအား အားပေးကြောင်းစသည့် ဓာတ်ပြားဟောင်းကြီးများ ပြန်ဖွင့်၍ စွပ်စွဲနေသည်မှာ အဓိက အမှားပင်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သမ္မတဘုရှ်အနေဖြင့် ချစ်ကြည်မှုတိုးချဲ့ပြီး ချဉ်းကပ်မှုအသစ်တစ်ရပ်ပြုလုပ်လိုပါက ကြိမ်ဖန်များစွာ စွပ်စွဲချက်ဟောင်းများကို ပြောနေခြင်းမှ ရပ်ဆိုင်းသင့်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမ်မရာမြို့၌ ရဲနှင့်ဆန္ဒပြသမားများ အဓိကရုဏ်းဖြစ် လူခြောက်ဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရရှိ

အမ်မရာ ဇန်နဝါရီ ၁၀

စနေနေ့က အီရတ်နိုင်ငံတောင်ပိုင်း အမ်မရာမြို့၌ အလုပ်လက်မဲ့ဖြစ်မှုအပေါ် ဒေါသထွက်နေကြသည့် ကန့်ကွက်ဆန္ဒပြသူများက ခဲဖြင့်ပစ်သဖြင့် အီရတ်ရဲများက လူအုပ်ထဲ သေနတ်ဖြင့် ပြန်ပစ်ရာ လူခြောက်ဦး သေဆုံးပြီး ၁၁ဦး ဒဏ်ရာရသွားကြောင်းမျက်မြင်တွေ့ရှိသူများနှင့်ဆေးရုံမှဆရာဝန်တစ်ဦးက ပြောကြားသည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလဆန်းတွင် အလုပ်ရစေပါမည်ဟူသောကတိကို ညွှန့်ပေါင်းအုပ်ချုပ်ရေး အာဏာပိုင်များက ချိုးဖောက်သည်ဆိုကာ ရာပေါင်းများစွာသော ဆန္ဒပြသမားများက ဗြိတိန်လုံခြုံရေးတပ်များ၏ ဒေသဆိုင်ရာ ဌာနချုပ်ရုံးနှင့်မျက်နှာချင်းဆိုင်တွင် စုရုံးရောက်ရှိလာကြပြီး ကြွေးကြော်ဆန္ဒပြကြသည်။ သို့ဖြင့် ဆန္ဒပြသမားများနှင့် အီရတ်ရဲတို့ အဓိကရုဏ်းဖြစ်ပွားပြီးနောက် ဆန္ဒပြသမား ခြောက်ဦးသေပြီး၊ ၁၁ ဦး ဒဏ်ရာရသွားသည်။

လူစုခွဲ

အဓိကရုဏ်းဖြစ်ပွားရာဒေသတစ်ဝိုက်ကို ဗြိတိန်တပ်ဖွဲ့ဝင်များက ဝိုင်းလိုက်ပြီးနောက် လူအုပ်ကြီးကို လူစုခွဲလိုက်သည်ဟုဆိုသည်။

အင်တာနက်။

စစ်ဆေးမေးမြန်း

ဇန်နဝါရီ ၉ ရက်က တီကရစ်မြို့တွင် ဒဏ်ရာရရှိသူ အီရတ်နိုင်ငံသားတစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက စစ်ဆေးမေးမြန်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရာဇဝတ်မှုများ ပူးပေါင်းနှိမ်နင်းရေး သဘောတူညီချက် တရုတ်ပြည်နှင့် အာဆီယံနိုင်ငံများ လက်မှတ်ရေးထိုး

ဗန်ကောက် ဇန်နဝါရီ ၁၁

တရုတ်ပြည်နှင့်အရှေ့တောင်အာရှနိုင်ငံများ(အာဆီယံ) အသင်းတို့က ရာဇဝတ်မှုဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်းသည့်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးကြပြီး နယ်စပ်ဖြတ်ကျော် ရာဇဝတ်ပြစ်မှုတိုက်ဖျက်ရာတွင် အရှိန်မပျက် ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်လိုက်ကြသည်။

ဒေသတစ်ဝန်းရှိ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးအား စိန်ခေါ်နေလျက်ရှိသည့် အဆိုပါ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုတိုက်ဖျက်ရေးတွင် လက်ရှိပူးပေါင်း ဆောင်ရွက်မှုအားမြှင့်တင်ရန် အာဆီယံနှင့်တရုတ်ပြည်ကအခိုင်အမာစိတ်ဝင်စားလျက်ရှိကြောင်း၊ ယင်းသဘောတူညီချက်လက်မှတ်ရေးထိုးမှုကဖော်ညွှန်းလိုက်ခြင်းဖြစ်ကြောင်း တရုတ်ပြည်သူ့လုံခြုံရေးဌာနအမှုဆောင်ဒုတိယဝန်ကြီး တီယန်ကီယူက စနေနေ့မွန်းလွဲပိုင်းက ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တီယန်ကီယူနှင့် အာဆီယံအတွင်းရေးမှူးချုပ် အွန်ကန်ရှုန်တို့က အာဆီယံနှင့်တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား ဝန်ကြီးများ၏ ဗန်ကောက်၌ တစ်ရက်ကြာကျင်းပသည့် နယ်စပ်ဖြတ်ကျော် ပြစ်မှုတိုက်ဖျက်ရေး အစည်းအဝေးအပြီးတွင် သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

ပုံမှန်မဟုတ်

အဆိုပါ သဘောတူညီချက်အရ တရုတ်နှင့် အာဆီယံတို့သည် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး ပုံမှန်မဟုတ်သည့် ရာဇဝတ်ပြစ်မှုများအား တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲများကျင်းပကာ ယင်းကဏ္ဍတွင် အလယ်အလတ်ကာလနှင့် ရေရှည်မျှော်မှန်းချက်အဖြစ် ထပ်မံပူးပေါင်းဆောင်ရွက်ကြရန် စီစဉ်ထားကြောင်း အွန်ကန်ရှုန်က သတင်းထောက်များအား ပြောကြားသည်။

အကြမ်းဖက်မှု၊ ငွေကြေးခဝါချမှုနှင့်နိုင်ငံတကာဆိုင်ရာ စီးပွားရေးပြစ်မှုအပါအဝင် ပုံမှန်ဟုတ်သည့် ရာဇဝတ်ပြစ်မှုများသည် နယ်စပ်ဖြတ်ကျော်ပြစ်မှု အမျိုးအစားတွင် ပါဝင်သည်။ မူးယစ်ဆေးဝါးရောင်းချမှု၊ လူမှောင်ခိုကုန်ကူးမှု ပင်လယ်ဓားပြမှုနှင့် လက်နက်မှောင်ခိုမှုများလည်း တိုက်ဖျက်ရန် ယင်းသဘောတူညီချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ကို ကျူးကျော်ရန် သမ္မတဘုရှ် နည်းလမ်း ရှာကြံခဲ့ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဟောင်းပေါလ်အိုနီးလ်ပြောကြား

ဇန်နဝါရီ၉ရက်ကအီရတ်နိုင်ငံ တီကရစ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက အီရတ် နိုင်ငံသားတစ်ဦး၏ နေအိမ် အတွင်းရှိ ကွန်ပျူတာထားရှိ သည့်အခန်းအား စေ့စေ့စပ်စပ် မွှေနှောက်ရှာဖွေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယူးယောက် ဇန်နဝါရီ ၁၁

အမေရိကန်သမ္မတဂျော့ဂျ်ဘုရှ်သည် အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ရန် ယတိပြတ် ဆုံးဖြတ်ချက်ဖြင့် ၂၀၀၁ ခုနှစ် ဇန်နဝါရီလက သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး ယင်းသို့ ကျူးကျော်ရန် နည်းလမ်းကို ရှာကြံခဲ့ကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ပေါလ်အိုနီးလ်၏ပြောကြားချက်ကို စာအုပ်သစ်တစ်အုပ်တွင် ဖော်ပြထားသည်။

တိုက်ခိုက်ဝေဖန်

ပေါလ်အိုနီးလ်သည် သမ္မတဘုရှ်အစိုးရအဖွဲ့တွင် သမ္မတဘုရှ်အား ပထမဆုံး တိုက်ခိုက်ဝေဖန်သည့် ပထမဆုံးသော ထင်ရှားသည့် အတွင်းလူဖြစ်သည်။

ရေးသားထား

အိုနီးလ်က သမ္မတဘုရှ်၏ဝန်ကြီးအဖွဲ့အစည်းအဝေးသည် နားထိုင်းသူများနှင့်ပြည့်လျှံနေသည့် အစည်းအဝေးမှ မျက်မမြင်တစ်ယောက်နှင့်တူကြောင်း ပုံနှိုင်းခိုင်းပြောကြားသည်ဟု ဝေါလ်စထရိဂျာနယ် သတင်းထောက်ဟောင်း ရွန်ဆပ်စတိုင်းရေးသားသည့် သစ္စာတရား၏ တန်ဖိုးစာအုပ်တွင် ထည့်သွင်းရေးသားထားသည်။

အကြောင်းပြ

အီရတ်နိုင်ငံအား စစ်ဆင်နွှဲတိုက်ခိုက်ရန်အတွက် သမ္မတဘုရှ်က အီရတ်နိုင်ငံတွင် လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ ပိုင်ဆိုင်ကြောင်း အကြောင်းပြခဲ့သည်။ ယင်းလက်နက်များကို အီရတ်နိုင်ငံတွင် ယနေ့တိုင် မတွေ့ရှိသေးပေ။

ဆုံးဖြတ်ထား

သမ္မတဘုရှ်က အစကတည်းကပင် လျှင် ဆက်ဒမ်ဟူစိန်သည် လူဆိုးဖြစ်သည်ဟု ခံယူထားပြီး အီရတ်ကို ကျူးကျော်တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြောင်း၊ မိမိတို့ မည်သည့်ကိစ္စကိုမဆို လုပ်ပိုင်ခွင့် ရှိသည်ဆိုသည့် လက်ဦးမှုယူသော သဘောထားသည် ထူးထူးခြားခြား စွန့်စား သည့်မူဝါဒဟု ထင်မြင်မိကြောင်း အိုနီးလ်က ပြောကြားသည်။

စူးစမ်းရှာဖွေ

သမ္မတဘုရှ်အစိုးရသည် ဆက်ဒမ်ဟူစိန်အားရာထူးမှဖယ်ရှားရေးအတွက် စစ်ရေးအရ တိုက်ခိုက်ရန်ရွေးချယ်မှုအတွက် ပြင်ဆင်ခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဟောင်းနှင့် အခြားအိမ်ဖြူတော်မှ အတွင်းလူများက ဆပ်စကိုင်းသို့ ပေးအပ်သည့် မှတ်တမ်းမှတ်ရာများအရ သိရှိရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံတောင်ပိုင်း၌ အမေရိကန်တစ်ဦး အသတ်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

အီရတ်နိုင်ငံတောင်ပိုင်းတွင် အရပ်ဘက်အုပ်ချုပ်ရေးအတွက်ဆောင်ရွက်လုပ်ကိုင်နေသည့် အီရတ်နိုင်ငံဖွား အမေရိကန် နိုင်ငံသားတစ်ဦးသည် ဘာဆရာမြို့၌ သေနတ်ဖြင့်ပစ်သတ်ခံရကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္ဂနွေနေ့က ပြောကြားသည်။

အမေရိကန် နိုင်ငံသား၏ အလောင်းကို အခြားအမျိုးသားတစ်ဦး၏ အလောင်းနှင့်အတူ တွေ့ရှိခဲ့ရခြင်း ဖြစ်ကြောင်း အီရတ်နိုင်ငံတောင်ပိုင်းမှ အမေရိကန်ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့များ၏ ယာယီအာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒိုမီနစ်ဒီအင်ဂျီလိုက ပြောကြားသည်။

အမေရိကန်နိုင်ငံသား သေဆုံးမှုနှင့် ပတ်သက်၍ သတင်းအချက်အလက်များချက်ချင်းမရရှိသေးပေ။

အင်တာနက်။

ကုလသမဂ္ဂ ဝန်ထမ်းများ အီရတ်၌ တာဝန်ပြန်လည်ထမ်းဆောင်ရေး သတိထားစောင့်ကြည့်နေ

ကုလသမဂ္ဂ ဇန်နဝါရီ ၁၁

ကုလသမဂ္ဂဝန်ထမ်းများအား အီရတ်နိုင်ငံတွင် ပြန်လည်သွားရောက်တာဝန်ထမ်းဆောင်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကုလသမဂ္ဂသည် လုံခြုံရေးအခြေအနေကို သောကြာနေ့က ပြန်လည်သုံးသပ်ကြရာ ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂဌာနချုပ်ရုံး လွန်ခဲ့သည့်နွေရာသီက ဗုံးဖောက်ခွဲခံခဲ့ရပြီးနောက် အီရတ်နိုင်ငံသို့ ယင်းဝန်ထမ်းများအား ပြန်လည်စေလွှတ်ရေးကို လက်တွန့်လျက်ရှိနေကြသည်။

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏ အနာဂတ်ကာလအခန်းကဏ္ဍနှင့် ပတ်သက်၍ ဇန်နဝါရီ ၁၉ရက်တွင်ကျင်းပမည့် အစည်းအဝေးမတိုင်မီ အမေရိကန်နှင့် ဗြိတိသျှသံအမတ်ကြီးများက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်အား တီးခေါက်မေးမြန်းကြည့်ကြသည်။

သတိထား

သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ အလုံးအရင်းနှင့် ဘဂ္ဂဒက်တွင်ရှိနေစဉ် ကုလသမဂ္ဂဝန်ထမ်းများအား ဘဂ္ဂဒက်တွင် ပြန်လည်ရောက်ရှိလာရေးကိစ္စကို ကုလသမဂ္ဂတာဝန်ရှိ ပုဂ္ဂိုလ်များက သတိထား၍ စောင့်ကြည့်နေသည်။

လုံခြုံရေးအခြေအနေသည် ကုလသမဂ္ဂ၏ အဓိက စိုးရိမ်ပူပန်ရမည့်ကိစ္စအမှန်တကယ်ဖြစ်၍နေကြောင်း အမေရိကန်သံအမတ်ကြီး နီဂရိုပွန်တီက ကိုဖီအာနန်၊ ဗြိတိသျှသံအမတ်ကြီး အီမိုင်ယာဂျုံးစ်ပဲရီနှင့် တွေ့ဆုံ ညှိနှိုင်းပြီးနောက် ပြောကြားသည်။

အီရတ်နိုင်ငံရှိ နိုင်ငံစုံတပ်ဖွဲ့က ကုလသမဂ္ဂဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ရန် တပ်ဖွဲ့ကိုဖျက်သိမ်းပစ်ရေးကို ဆွေးနွေးသူတစ်ဦးက အဆိုပြုသည်။ သို့ရာတွင် ကုလသမဂ္ဂလုံခြုံရေးတာဝန်ရှိ ထိပ်တန်းပုဂ္ဂိုလ်များ တက်ရောက်သည့် အစည်းအဝေးတွင် မည်သည့်ဆုံးဖြတ်ချက်မျှ ချမှတ်ခြင်းမရှိပေ။

လုံခြုံမှုမရှိသေး

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် ယခုတိုင် လုံခြုံမှုမရှိသေးကြောင်း၊ လုံခြုံရေးရှုထောင့်မှကြည့်ပါက ကုလသမဂ္ဂ၏ အခန်းကဏ္ဍသည် လွန်စွာအကန့်အသတ်ရှိနေသည့် အခြေအနေတွင် ရှိနေကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ ဖရက်အက်ဟတ်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ တိုးတက်မှုမရှိပါက မိမိက မိမိ၏ဝန်ထမ်းများကို အီရတ်သို့စေလွှတ်မည်မဟုတ်ကြောင်း ကိုဖီအာနန်က ပြောကြားခဲ့သည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

လျှောင်ဒဏ်ခံခဲ့ရသည့် အီရန်ပြည်သူတစ်သိန်းအား ရိက္ခာဝေငှရေး ဆောင်ရွက်

ကုလသမဂ္ဂ ဇန်နဝါရီ ၁၁

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)သည်လွန်ခဲ့သည့် သီတင်းနှစ်ပတ်က အီရန်နိုင်ငံအနောက်တောင်ဘက် ဘမ်းမြို့တွင် တုန်လှုပ်ခဲ့သည့် ငလျှင်ဒဏ်ခံခဲ့ရသည့် လူတစ်သိန်းအတွက် စားနပ်ရိက္ခာဝေငှရန် သုံးလကြာ အရေးပေါ်အစီအစဉ်ကို သောကြာနေ့က စတင်ဆောင်ရွက်သည်။

လူအများစုမှာ မိသားစုဝင်များ၊ နေအိမ်များနှင့် ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံး ဆုံးရှုံးခဲ့ရကြောင်း အီရန်နိုင်ငံမှ ဒဗလျူအက်ဖ်ပီ ကိုယ်စားလှယ် မာရီယပ်ဒီဂေးဖို့တ်မန်းကပြောကြားသည်ဟု ကုလသမဂ္ဂတွင် သောကြာနေ့က ထုတ်ပြန်သည့်သတင်းလွှာတွင်ဖော်ပြထားသည်။

မကြာသေးမီနှစ်များအတွင်းမိုးခေါင်မှုဒဏ် အပြင်းအထန် ခံစားခဲ့ရသည့် အီရန်နိုင်ငံမှ အဆင်းရဲဆုံး ဒေသတစ်ခုတွင် တုန်လှုပ်ခဲ့သော မြေငလျှင်ဒဏ်ကို လူနှစ်သိန်းခန့် တွေ့ကြုံခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇန်နဝါရီ ၉ရက်က တီကရစ်မြို့တွင် အီရတ်နိုင်ငံသား တစ်ဦးအား အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကူဝိတ်နိုင်ငံတွင် နေထိုင်သည့် ကနေဒါနိုင်ငံသားတစ်ဦး အီရတ်နိုင်ငံ၌ ခရီးသွားလာစဉ် သေဆုံး

အော့တဝါ ဇန်နဝါရီ ၁၁

ကူဝိတ်နိုင်ငံတွင် နေထိုင်သည့် ကနေဒါနိုင်ငံသားတစ်ဦးဖြစ်သူ ရစ်ချတ်ဖလင်းသည် အီရတ်နိုင်ငံတွင် ယခုရက်သတ္တပတ်က ခရီးသွားလာစဉ်အတွင်း သေဆုံးသွားကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရေနယ်ဒွိုင်ရွန်က လျှို့ဝှက်ထားရမည့် အခြေအနေတစ်ရပ်ကြောင့် အသေးစိတ်သတင်းမထုတ်ပြန်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရစ်ချတ်ဖလင်းသည် ကနေဒါနိုင်ငံ တိုရွန်တိုမှ မည်သည့်အတွက်ကြောင့် အီရတ်နိုင်ငံသို့ ရောက်ရှိနေခြင်းကို သိကြောင်း ၎င်းက ပြောကြားသည်။

ရစ်ချတ်ဖလင်းသည် ၎င်း၏ဇနီး နန်စီနှင့်အတူ ပြည်ပြေးများအား ကူဝိတ်နိုင်ငံ ကျောင်းတစ်ကျောင်းတွင် စာသင်ခဲ့ဖူးသည်။ ရစ်ချတ်ဖလင်း၏အလောင်းကို ကနေဒါနိုင်ငံသို့ သယ်ဆောင်လာသည်။ ၎င်း၏ဇနီးသည်လည်း ကနေဒါသို့ ပြန်လာဖွယ်ရှိသည်ဟုဆိုသည်။

အင်တာနက်။

သဲအင်းဂူ ခုနစ်ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ သမထဝိပဿနာတရားတော်များကို ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသနှင့် ဘဒ္ဒန္တ ဇဝနတိက္ခ ဆရာတော်တို့က ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်ထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများ ဇန်နဝါရီ ၁၈ ရက် ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့် လာရောက်စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဖြိုးခြိမ့်ချေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး

မောင်ဝိုင်း

နိုင်ငံတော်က မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်း မြင့်မားထည်ဝါစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း နိုင်စေရေးအတွက် အားကစားမြှင့်တင်ရေး အစီအမံကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အထူးအလေးထား အားပေး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သည့် အားကစားသမားများကိုလည်း နိုင်ငံတော်က အားပေးချီးမြှောက်လျက်ရှိသည်။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ ထူးချွန်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ အားကစားသမားများအား ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် **အောင်နိုင်မှု ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားမောင်မယ်များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ဂုဏ်ပြု ချီးကျူးမှုကို ထိုက်ထိုက်တန်တန်ခံယူပြီး နိုင်ငံတကာအားကစားပြိုင်များတွင် မြန်မာ့ဂုဏ်ကို ထပ်ဆင့်မြှင့်တင်ပေးနိုင်စေရန် အောင်လံမလှဲ စတမ်းဆိုသည့် မြန်မာ့စိတ်ဓာတ်ဖြင့် အောင်ပွဲအလီလီရရှိအောင် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြပါဟု မှာကြားလိုကြောင်း၊ ယခုနှစ်ပြိုင်ပွဲများမှာ ငွေတံဆိပ်၊ ကြေးတံဆိပ် ဆုများနှင့်သာ ကျေနပ်ခဲ့ရသည့် အားကစားနည်းများ၊ အောင်နိုင်မှုရရှိသင့်ပါလျက် ရွှေတံဆိပ်ဆုနှင့် လွဲခဲ့ရသည့် အားကစားနည်းများမှာလည်း ရှေ့လာမည့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ပြန်လည်ရရှိစေရန် အပြင်းအထန် လေ့ကျင့်မှုနှင့် စနစ်တကျစီမံဆောင်ရွက်မှုများဖြင့် ဖွဲလုံ့လမလျှော့ဘဲ ဆက်လက် ကြိုးပမ်းကြပါဟု ပြောကြားလိုကြောင်း အားကစားဝန်ကြီးဌာနက တာဝန်ရှိသူအသီးသီး အနေဖြင့်လည်း စီမံခန့်ခွဲမှု၊ လေ့ကျင့်မှု၊ နည်းစနစ်မှန်ကန်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ တက်ကြွမှု၊ ဖွဲလုံ့လ ဝီရိယအားကောင်းမှုတို့အတွက် ပြုပြင်ဆောင်ရွက်ဖွယ်များ၊ အားစိုက်ခွန်စိုက် ဆောင်ရွက်မှုများကို မှန်ကန်သော ဝေဖန်သုံးသပ်မှုပြုပြီး ပြုပြင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း** စသည်ဖြင့် မိန့်ကြားခဲ့ပါသည်။

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟန်နွိုင်မြို့၊ ဟိုချီမင်းမြို့၊ ဟိုင်ဖောင်းမြို့နှင့် နမ့်တင်းမြို့များတွင် ၅–၁၂–၂၀၀၃ ရက်နေ့မှ ၁၃–၁၂–၂၀၀၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာအားကစားအဖွဲ့ အနေဖြင့် အားကစားနည်း ၂၄ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ အားကစားနည်းအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

		ရွှေ	ငွေ	ကြေး	စုစုပေါင်း
(က)	ဝူရှူး	၅	၆	၆	၁၇
(ခ)	အလေးမ	၄	၂	၁	၇
(ဂ)	လှေလှော်(ကနူး)	၃	၉	၃	၁၅
(ဃ)	လှေလှော်(ရိုးရာလှေ)	၂	၂	–	၄
(င)	လှေလှော်(အနောက်တိုင်း)	–	၁	၁	၂
(စ)	သေနတ်ပစ်	၁	၃	၅	၉
(ဆ)	ကာယဗလ	၁	၁	၁	၃
(ဇ)	ဂျူဒို	–	၅	၇	၁၂
(ဈ)	ရေကူး	–	၄	–	၄
(ည)	ပြေးခုန်ပစ်	–	၂	၄	၆
(ဋ)	လက်သိုင်း	–	၂	၄	၆
(ဌ)	တိုက်ကွမ်ဒို	–	၂	၃	၅
(ဍ)	ကရာတေးဒို	–	၁	၆	၇
(ဎ)	အမျိုးသမီးဘောလုံး	–	၁	–	၁
(ဏ)	ဘီလိယက်နှင့်စနူကာ	–	၁	–	၁
(တ)	စားပွဲတင်တင်းနစ်	–	၁	–	၁
(ထ)	ပိုက်ကျော်ခြင်း	–	–	၄	၄
(ဒ)	လက်ဝှေ့	–	–	၂	၂
(ဓ)	စစ်တုရင်	–	–	၁	၁
(န)	ကြက်တောင်ခတ်	–	–	၁	၁
(ပ)	ဘော်လီဘော	–	–	၁	၁
	စုစုပေါင်း	၁၆	၄၃	၅၀	၁၀၉

မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း (၂၄)မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၄၃ ခု၊ ကြေးတံဆိပ် ၅၀ စုစုပေါင်း ဆုတံဆိပ် ၁၀၉ ခု၊ ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် အဆင့် ၇ ရရှိခဲ့ပါသည်။ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

		ရွှေ	ငွေ	ကြေး	စုစုပေါင်း
(က)	ဗီယက်နမ်	၁၅၈	၉၇	၉၁	၃၄၆
(ခ)	ထိုင်း	၉၀	၉၃	၉၈	၂၈၁
(ဂ)	အင်ဒိုနီးရှား	၅၅	၆၈	၉၈	၂၂၁
(ဃ)	ဖိလစ်ပိုင်	၄၈	၅၄	၇၅	၁၇၇
(င)	မလေးရှား	၄၄	၄၂	၅၉	၁၄၅
(စ)	စင်ကာပူ	၃၀	၃၃	၅၀	၁၁၃
(ဆ)	မြန်မာ	၁၆	၄၃	၅၀	၁၀၉
(ဇ)	လာအို	၁	၅	၁၅	၂၁
(ဈ)	ကမ္ဘောဒီးယား	၁	၅	၁၁	၁၇
(ည)	ဘရူနိုင်း	၁	၁	၈	၁၀
(ဋ)	အရှေ့တီမော	၀	၀	၀	၀
	စုစုပေါင်း	၄၄၄	၄၄၁	၅၅၅	၁၄၄၀

မြန်မာ့အားကစားအဖွဲ့တွင် အောင်မြင်မှုအရှိဆုံးအဖွဲ့မှာ ဝူရှူးအဖွဲ့ဖြစ်သည်။ ဗီယက်နမ် ဝူရှူးအဖွဲ့က ဆုတံဆိပ်အားလုံး ရယူမည်ဟု ကျုံးဝါးနေသည့်ကြားမှ မြန်မာက ရွှေငါးခု၊ ငွေခြောက်ခု၊ ကြေးခြောက်ခု ပေါင်း ၁၇ ခုရရှိကာ မျှော်မှန်းထားသည်ထက် အောင်မြင်မှုရရှိခဲ့သည်။ ရွှေတံဆိပ်ရရှိသူများမှာ ဟာဟုန်းက ရွှေတစ်ခု၊ ခိုင်ခိုင်မော်က ရွှေနှစ်ခု၊ ဆွေဆွေသန့်က ရွှေနှစ်ခုတို့ဖြစ်သည်။ ဝူရှူးအဖွဲ့သည် ကြိုတင်ပြင်ဆင်မှုနှင့် အတွေ့အကြုံရယူနိုင်မှုတို့ အားကောင်းခဲ့သဖြင့် ပြိုင်ပွဲများတွင် ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့သည်ကို တွေ့ရသည်။ ပြိုင်ပွဲဝင်နည်းစနစ်မှန်ကန်ပြီး မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း၊ အောင်နိုင်လိုစိတ်ဓာတ် မြင့်မားခြင်းတို့ကြောင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ အလေးမအားကစားနည်းတွင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးခြောက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ် ခုနစ်ခုရရှိခဲ့သည်။ ကေသီဝင်း၊ ခင်မိုးနွယ်၊ မြစန္ဒာဦးနှင့် ချိုချိုဝင်းတို့က ရွှေတံဆိပ် အသီးသီး ရရှိခဲ့သည်။ ငွေတံဆိပ်နှစ်ခုကို ဆွေဆွေဝင်းနှင့် အောင်အောင်ထူးတို့က ရရှိခဲ့ပြီး ကြေးတံဆိပ်ကို ရွှေစင်ဝင်းက ရရှိခဲ့သည်။ အလေးမရွှေတံဆိပ်ဆုရ မြန်မာအမျိုးသမီးများသည် ပြိုင်ဘက်များအပေါ် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သည်။ အထူးသဖြင့် အလေးမအားကစားနည်းနှင့် ဝူရှူးအားကစားနည်းတွင် မြန်မာအမျိုးသမီး အားကစားမယ်များသည် အရှေ့တောင်အာရှအဆင့်သာမက အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်တွင်ပါ အောင်နိုင်မှုဆုတံဆိပ်များ တစိုက်မတ်မတ်နှင့် စဉ်ဆက်မပြတ် ဆွတ်ခူးနိုင်နေပြီဖြစ်သည်။ မြန်မာအားကစားမယ်များ အနေဖြင့် ယခုနှစ်ပိုင်းအတွင်း ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံတကာအားကစားပြိုင်ပွဲတိုင်းလိုလိုမှာ အောင်နိုင်မှု ရရှိကြပြီး ၎င်းတို့၏ အားကစားသမားဘဝ တစ်သက်တာအတွက်ရော သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် နိုင်ငံတော်အတွက်ပါ အောင်မြင်မှုသမိုင်းမှတ်တိုင်များ တစ်ဆင့်ချင်း စိုက်ထူလာနိုင်သည်မှာ လွန်စွာချီးကျူးဖွယ်ဖြစ်သည်။ ရိုးရာလှေလှော်ပြိုင်ပွဲတွင် မီတာ ၁၀၀၀၊ ၂၂ တက်လှော်တွင် မြန်မာအမျိုးသားအသင်းက ရွှေတံဆိပ်တစ်ခု၊ မြန်မာအမျိုးသမီးအသင်းက ရွှေတံဆိပ်တစ်ခု စုစုပေါင်း ရွှေနှစ်ခု၊ ကြေးနှစ်ခုရရှိခဲ့သည်။ ကနူးလှေလှော်ပြိုင်ပွဲတွင် မီတာ ၁၀၀၀၊ ကာယက်လေးယောက်လှော် အမျိုးသားအသင်းက ရွှေတံဆိပ်တစ်ခု၊ မီတာ ၅၀၀ ကာယက်လေးယောက်လှော် အမျိုးသားအသင်းက ရွှေတံဆိပ်တစ်ခု၊ မီတာ ၅၀၀ ကာယက်လေးယောက်လှော် အမျိုးသမီးအသင်းက ရွှေတံဆိပ်တစ်ခု စုစုပေါင်း ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေး သုံးခုရရှိခဲ့သည်။

အနောက်တိုင်းလှေလှော်ပြိုင်ပွဲတွင် ငွေတစ်ခုနှင့် ကြေးတစ်ခုရရှိခဲ့သည်။ သေနတ်ပစ်ပြိုင်ပွဲတွင် မောင်ကြူးက 10 M Air Pistol 60 Shots တွင် ရွှေတံဆိပ်တစ်ခု ဆွတ်ခူးခဲ့သည်။ ကာယဗလ အားကစားနည်းတွင် မင်းဇော်ဦးက ၈၀ကီလိုတန်းတွင် ရွှေတံဆိပ် တစ်ခုဆွတ်ခူးခဲ့သည်။ ကျန်အားကစားနည်းများတွင်လည်း ငွေတံဆိပ်နှင့်ကြေးတံဆိပ်များ ရရှိခဲ့သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ပြိုင်ပွဲဝင်အသင်းအားလုံးတွင် တစ်ဦးချင်းစွမ်းရည်၊ အသင်းလိုက်ကစားကွက်တို့ သာလွန်သောအသင်းဖြစ်သည်။ ဖိုင်နယ်ပွဲတွင် ဗီယက်နမ်ပရိသတ်၏ အရှိန်ကြောင့် တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားကွက်ပျက်ခဲ့ရပြီး ပထမရွှေတံဆိပ်ဆုနှင့် လွဲခဲ့ရသည်။ ပထမရွှေတံဆိပ်ဆု မရခြားသော်လည်း ကြိုးစားမှုနှင့်ကစားကွက် ကောင်းမွန်မှုမှာ ချီးကျူးဖွယ်ဖြစ်သည်။ အပြင်းအထန် ဆက်လက်လေ့ကျင့်ပြီး ကြိုးပမ်းသွားလျှင် ဆက်လက်အောင်ပွဲခံနိုင်မည်ဖြစ်သည်။ အထူးသဖြင့် သက်တမ်းနုနယ်လှသေးသည့် မြန်မာအမျိုးသမီး အလေးမအား ကစားနည်း၊ ဝူရှူးအားကစားနည်း၊ ကနူးလှေလှော်အားကစားနည်း စသည့် အားကစားနည်းများတွင် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် အားကစားသမား မောင်မယ်များသည် တိုတောင်းလှသည့် အချိန်ကာလအတွင်း အောင်နိုင်မှု အဆင့်အတန်းတိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်ခြင်းသည် ထူးကဲသည့် အောင်မြင်ဖြစ်ထွန်းမှုပင်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၄၃ ခု၊ ကြေးတံဆိပ် ၅၀ စုစုပေါင်း ဆုတံဆိပ် ၁၀၉ ခုရရှိခဲ့ပြီး နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် အဆင့် ၇ ဆင့်သာရရှိခဲ့သော်လည်း ယခုနှစ်၏အတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များအပေါ် ဝေဖန်သုံးသပ်ပြီး အားကစားကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအားလုံး၊ အားကစားမောင်မယ် အားလုံးတို့က တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုလျှင် ရှေ့လာမည့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရထူးချွန် အားကစားသမားများ မြောက်မြားစွာ ပေါ်ထွန်းလာပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ဂုဏ်ကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များသည် အမျိုးဂုဏ်၊ နိုင်ငံ့ဂုဏ် မြှင့်တင်သည့် အားကစားအကျော်အမော် နိုင်ငံ့သားကောင်းသမီးမွန်များအဖြစ် အာရှအဆင့်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲများအထိ အောင်ပွဲအလီလီ ဆက်လက် ဆွတ်ခူးနိုင်ရေးနှင့် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

ဘင်းစတက်အစည်းအဝေး တက်ရန်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် BIMST-EC Business Forum Meeting သို့ တက်ရောက်ရန် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

အဆင့်မြင့်စီးပွားရေး စီမံခန့်ခွဲမှုပညာ သင်တန်းမျိုးစုံဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီလုပ်ငန်းများ ပိုမိုစနစ်ကျ ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လူ့စွမ်းအား အရင်းအမြစ်ကုမ္ပဏီမှ (1) Basic Business Management Training, (2) Financial Management Training, (3) Human Resource Management Training နှစ်လသင်တန်းများကို ဇန်နဝါရီလ ဒုတိယပတ်မှစပြီး ရုံးချိန်၊ ကျောင်းချိန်ပြင်ပတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

MBA/DMA အချိန်ပြည့် သင်တန်းများတက်ရောက်ရန် မအားလပ်သည့် စီးပွားရေးလုပ်ငန်း ရှင်များနှင့် ကုမ္ပဏီဝန်ထမ်းများ၊ လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက် ချပေးရသော စီမံခန့်ခွဲသူများ ကုမ္ပဏီလုပ်ငန်းခွင်သို့ ကူးပြောင်းလိုသူ ဌာနဆိုင်ရာ ရုံးဝန်ထမ်းများ၊ စီမံခန့်ခွဲသူရာထူး အဆင့်ဖြင့် အလုပ်စတင်ဝင်ရောက်လိုသည့် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် Student Visa ဝင်ရန် အောင်လက်မှတ် အထောက်အထားလိုအပ်သူများ တက်ရောက်နိုင်ပြီး လူဦးရေကန့်သတ်ထားသဖြင့် MHR အခန်းအမှတ်(၉၀၅)၊ (၉)လွှာ အဆင့်မြင့် သံချေးကွန်ဒို၊ လမ်းမတော်လမ်း ဖုန်း–၇၀၇၈၂၂သို့ အမြန်ဆုံး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဒသမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရသိမ်ကုန်း ဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိ ရတနရံသီမြတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲ၊ အသံမစဲ မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲနှင့် စာအောင်သံဃာတော်တို့အား ဆုချီးမြှင့်လှူဒါန်းပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိ ခုနစ်ရက် ကျင်းပမည်ဖြစ်ရာ ဖုန်း–၂၈၁၀၉၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မီးဖိုချောင်အတွင်းမှ ချင်း(ဂျင်း)တက်၏ အစွမ်း

တင်ထွဋ်
(အစိုးရတိုင်းရင်းဆေး)

ချင်း(ဂျင်း)တက်သည် မိသားစု အိမ်ထောင်စုတိုင်း၏ နေ့စဉ် စားသောက်မှုစီမံရာ "မီးဖိုချောင်"တွင် အစဉ်အမြဲလိုလို ရှိနေသော လူတိုင်းအသုံးများလှသော အပင်ထွက်ပစ္စည်းတစ်မျိုးဖြစ်သည်။ အိမ်ရှင်မတိုင်း ချင်းကို ဟင်းလျာချက်ပြုတ်ရာ၌ အညှီနံ့ကင်းပြီး မွှေးပျံ့သော ရနံ့ရရှိစေရန်နှင့် အသားများ နူးညံ့စေရန် "ဟင်းခတ်အမွှေးအကြိုင်" အဖြစ်လည်းကောင်း၊ ချင်း(စိမ်း)တက်ကို ပါးပါးလွှာ သေးသွယ်စွာလှီးပြီး အချဉ်ရည် တစ်မျိုးမျိုးနှင့် စိမ်၍ "အသုပ်"အဖြစ်လည်းကောင်း စားသုံးလေ့ရှိကြသည်သာမက ယခုအခါ သရေစာများဖြစ်သည့် ဆီး(ဇီး)ပြား၊ မြေပဲလှော်၊ နေကြာစေ့လှော်တို့တွင် ချင်းပြားလေးများ ရောစပ်ထည့်သွင်း၍ စားသုံးလာသည်ကို တွေ့ရသည်။ ခေတ်မီ ဆေးဝါးထုတ်လုပ်မှုနည်းပညာများ ဖြစ်ထွန်းတိုးတက်လာသည်နှင့်အညီ အစာအိမ်နာ၊ လေရောဂါ ဝေဒနာရှင်များ အလွယ်တကူ စားသုံးနိုင်ရန် "ချင်းပျားရည်"ကို ပုလင်းများဖြင့် ထုပ်ပိုးရောင်းချသုံးစွဲလာကြသည်။

ချင်း(ဂျင်း)တက်တွင် ချင်းစိမ်းနှင့် ချင်းခြောက်ဟူ၍ နှစ်မျိုးရှိပါသည်။ ချင်းစိမ်းဟူသည် ချင်း(တက်)ပင်မှ ရရှိသော လတ်ဆတ်သည့် ချင်းတက်ဖြစ်ပြီး "ချင်းခြောက်" ဆိုသည်မှာ ချင်းတက်အစိမ်း (လတ်လတ်ဆတ်ဆတ်)မှ ချင်းခြောက်အဖြစ် ပြုပြင်ဖန်တီးထားသော ချင်းဖြစ်သည်။ ယခင်မြန်မာနိုင်ငံမှ ပရဆေးကုန်သည်များက အိမ်နီးချင်း အိန္ဒိယနိုင်ငံမှ မှာယူတင်သွင်းမှုကြောင့် သင်္ဘောဖြင့် သယ်ယူလာရသဖြင့် အဆိုပါ ချင်းခြောက်ကို သင်္ဘောချင်းဟုလည်း ခေါ်ဝေါ်ကြောင်း မှတ်သားသိရှိရပါသည်။

ချင်း(စိမ်း)တက်နှင့် စပ်လျဉ်း၍ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကပင် တရုတ်တိုင်းရင်းဆေးပညာရှင်များက အနာကျက်စေနိုင်မှုစွမ်းရည်ကို သိရှိအသုံးပြုခဲ့ကြသည်။ ယခုတိုင် ပျို့အန်ခြင်း၊ အအေးမိခြင်း၊ ပင်လယ်ထွက် အစားအစာများ စားသောက်ခြင်းကြောင့် အဆိပ်မိခြင်း စသည်တို့ကို ကုသမှုပြုရာတွင် အသုံးပြုလျက်ရှိသည်။

ဂရိ၊ အိန္ဒိယနှင့် အခြားနိုင်ငံများတွင်လည်း အသုံးပြုသည်။ တိဘက်လူမျိုးများအနေဖြင့် နာလန်ထ လူနာများအတွက်လည်းကောင်း၊ ဂျပန်လူမျိုးများအနေဖြင့် ကျောရိုးနှင့် အဆစ်အမျက်ကိုက်ခဲခြင်းရောဂါများအတွက် ချင်းအဆီကို လိမ်းကျံကြသည်။ ၁၉၈၈ ခုနှစ်က အမေရိကန်နိုင်ငံ အိုဟိုင်အိုတက္ကသိုလ်နှင့် ယူဘားတက္ကသိုလ်တို့မှ သိပ္ပံပညာရှင်များ၏ သုတေသနပြု တွေ့ရှိချက်များအရ ခရီးသွား (လေယာဉ်၊ ရထား၊ သင်္ဘော) ခရီးသည်များ မူးမော်ခြင်းအတွက် ယခင်သုံးစွဲနေကျဆေးဖြစ်သည့် ဒိုင်မင်ဟိုင်ဒရင်နိတ် (၁၀၀ မီလီဂရမ်) ဆေးတစ်ပြား၏ စွမ်းရည်ထက် ချင်းတက်အခြောက် တစ်ပဲသား (တစ်ဂရမ်)၏ စွမ်းရည်က ပိုမိုထက်မြက်သာလွန်ကြောင်း လေ့လာသိရှိမှတ်သားရပါသည်။

"ချင်း(ဂျင်း)၏ အရသာနှင့် အကျိုးသွား"မှာ ခါး၊ စပ်၊ ပူဖြစ်ပြီး အေးသောသတ္တိရှိ၏။ ကြေကျက်သွားသောအခါ "ချို"၏။ အကျိုးပြုရာတွင် အေးသောအသွင်ဖြင့် အကျိုးပြု၏။ ဝမ်းမီးကို တောက်စေပြီး နှုတ်ကို မြိန်စေသည်။ ကြေကျက် လွယ်ခြင်း၊ သလိပ်၊ သည်းခြေ ဒေါသကို နိုင်ခြင်း၊ ဆီး၊ ဝမ်း ရွှင်စေခြင်းများ ဖြစ်ပေါ်စေသည်။ အပူစာ၊ အပွင့်စာ၊ တေဇော၊ ဝါယော တွဲနေသည့် "တက်စာ"အမျိုးအစားတွင် ပါဝင်ပြီး ၎င်းကို စားသုံးခြင်းဖြင့် အပွင့်ဓာတ် ရရှိစေသဖြင့် နှာခေါင်းမှ နှာရည်များ၊ ပါးစပ်မှ တံတွေးများ၊ မျက်စိမှ မျက်ရည်၊ ခန္ဓာကိုယ်မှ ချွေး၊ အခိုးအနံ့ စသည်ဖြင့် မွေးညင်းပေါက်ကလေးများမှ ပွင့်ပေါက်ယိုစီး ထွက်လာစေပါသည်။

"ချင်း(ဂျင်း)စိမ်းနှင့် ချင်း(ဂျင်း)ခြောက်တို့၏ အစွမ်းထက် အသုံးဝင်ပုံများ"ကို ဆက်လက်တင်ပြပါမည်။

(၁) "ရေချိုးပြီး အပူငုပ်ဖျားခြင်း၊ ရေချိုးမှား၍ အပူရုပ်ပြီး ဖျားခြင်းများမှ ကာကွယ်ရန်အတွက်" ရေချိုးပြီးပြီးချင်း ချင်း(ဂျင်း)ပြုတ်ရည်ကို ခန္ဓာကိုယ်တွင် အပူဓာတ်ရလာသည်အထိသောက်၍ စောင်ပါးပါးဖြင့် ခေါင်းမြီးခြုံ အပူနှပ်ရမည်ဖြစ်သည်။ အကယ်၍ နေမကောင်း၍ ချမ်းစိမ့်စိမ့် ဖြစ်ခြင်း၊ ဖျားရန်လက္ခဏာ ပေါ်လာပါက ချင်း(ဂျင်း)၊ ထန်းလျက်နှင့် လေညှင်းပွင့် သုံးပွင့်ခန့် ဖြစ်စေ၊ ချင်း(ဂျင်း)နှင့် ကွမ်းရွက်ပြုတ်ရည်ဖြစ်စေ အကြမ်းပန်းကန်တစ်လုံးပမာဏ သောက်ပါက ဝေဒနာသက်သာမည်ဖြစ်သည်။

(၂) "အဆစ်အမျက်ကိုက်ခဲခြင်း"အတွက် ချင်းစိမ်းနှင့် မိဿလင် ရောထောင်း၍ ကိုက်ခဲသည့် နေရာတွင် အုံပေးခြင်းဖြင့်ဖြစ်စေ၊ ချင်းစိမ်းသတ္တုရည် ၂၅ကျပ်သားနှင့် နှမ်းဆီ ၁၂ ဒသမ ၅ ကျပ်သားကို အဆီပြန်သည်အထိ ချက်၍ ယင်းရရှိလာသော အဆီကို ကိုက်ခဲသည့်နေရာတွင် လိမ်းပေးခြင်း၊ စည်းပေးခြင်းဖြင့်ဖြစ်စေ ပြုလုပ်ပေးပါက ရောဂါသက်သာမည်ဖြစ်သည်။ အကယ်၍ အဆစ်အမျက်ရောင်၍ အလွန်နာကျင်ပြီး ဖျားပါက ချင်းခြောက်နှင့် ဆင်တုံးမနွယ် ဆတူရောစပ်၍ လေးခွက်တစ်ခွက်တင်ကျို၍ ရသော အရည်ကို အကြမ်းပန်းကန် တစ်လုံးပမာဏ သောက်ပေးရန်ဖြစ်ပါသည်။

(၃) ဝမ်းမီးနှင့် စပ်လျဉ်း၍ "ဝမ်းသက်"ပါက ချင်းခြောက်၊ ဖန်ခါးသီးခြောက်၊ သိန္ဓောဆား ဆတူပမာဏတို့ကို အမှုန့်ပြုပြီး ရေနွေးဖြင့်တစ်ကြိမ် လူကြီးဖြစ်ပါက လက်ဖက်စားဇွန်း တစ်ဇွန်း၊ ကလေးဖြစ်ပါက ဇွန်းတစ်ဝက်ပမာဏ သောက်ခြင်းဖြင့်လည်းကောင်း၊ "ဗိုက်နာ"ပါက ချင်းစိမ်းတက်ပြုတ်ရည်ကို အထက်ပါ ပမာဏအတိုင်း သောက်ခြင်းဖြင့်လည်းကောင်း၊ "ဝမ်းမီးနဲ့"ပါက ချင်းခြောက်မှုန့်နှင့် ထန်းလျက်ရော၍ နေ့စဉ် နံနက်၊ ည နှစ်ကြိမ်စားပေးခြင်းဖြင့်လည်းကောင်း၊ "ကာလဝမ်းရောဂါ"ဖြစ်ပါက ချင်းစိမ်းသတ္တုရည်နှင့် ပင်စိမ်းသတ္တုရည်တို့ကို ပမာဏဆတူရောစပ်၍ ပျားရည်အနည်းငယ်ထည့်၍ လူကြီးဖြစ်ပါက တစ်ကြိမ် လက်ဖက်စားဇွန်းတစ်ဇွန်း၊ ကလေးဖြစ်ပါက ဇွန်းတစ်ဝက်ပမာဏ တိုက်ခြင်းဖြင့်လည်းကောင်း ရောဂါသက်သာစေမည်ဖြစ်သည်။

(၄) "ခေါင်းကိုက်"ပါက ချင်းစိမ်းပါးပါးလှီး၍ နားထင်နှစ်ဖက်ကို ကပ်ပေးခြင်းဖြင့်ဖြစ်စေ၊ "သွားနာ၊ သွားကိုက်"ပါက ချင်းစိမ်းကို ထုခြေ၍ ကိုက်သော၊ နာသော နေရာ၌ ငုံထားခြင်းဖြစ်စေ၊ "နားအူနားကိုက်"ဖြစ်ပါက ဂျင်းစိမ်းသတ္တုရည်ကို မီးဖြင့် နွေးအောင်ပြု၍ နားတွင်းသို့ အစက်ချပေးခြင်းဖြင့်ဖြစ်စေ၊ "ခါးနာ"ပါက ချင်းခြောက်ကို လေးခွက်တစ်ခွက်တင်ကျန်အောင် ကျို၍ ရသောအရည်ကို ကြက်ဆူဆီ အနည်းငယ် ထည့်၍ သောက်ပေးခြင်းဖြင့်ဖြစ်စေ သက်သာစေမည် ဖြစ်သည်။ ထို့ပြင် အကြားအာရုံ အားနည်းပါက ချင်းစိမ်းသတ္တုရည်တွင် ထန်းလျက်ထည့်ရောပြီး ရှူပေးရန်ဖြစ်သည်။

(၅) အမျိုးသမီးများနှင့် စပ်လျဉ်း၍ "ရုပ်ခန္ဓာဝဖြိုးပြီး သွေးသားလည်ပတ်မှု မမှန်ကန်သူ"များအတွက် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၇ (သွေးဆေးနီ) သို့မဟုတ် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် –၂၅(မြင်းမိုရ်ကုန်းဆေး) ကို ချင်းပြုတ်ရည် အကြမ်းပန်းကန် တစ်လုံးပမာဏနှင့် တစ်နေ့ သုံးကြိမ်နှုန်းဖြင့် တစ်ကြိမ်လျှင် ဆေးပမာဏ လက်ဖက်စားဇွန်းတစ်ဇွန်း သောက်ရန်ဖြစ်ပါသည်။ အမျိုးသမီးများ သားဖွားချိန်၌ မိခင်နို့ရည် စင်ကြယ်စေရန်အတွက် ချင်းပြုတ်ရည်ကို သောက်ပေးသင့်ပါသည်။ အမျိုးသမီးများ မီးယပ်သွေးမပေါ်ခြင်း၊ ထိမ်ကျန်ခြင်း ဖြစ်ပါက တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၇ (သွေးဆေးနီကြီး) လက်ဖက်စားဇွန်း တစ်ဇွန်းနှင့် ချင်းပြုတ်ရည် အကြမ်းပန်းကန်တစ်လုံးပမာဏကို ထန်းလျက်နှစ်လုံးထည့်၍ သောက်ရမည်ဖြစ်သည်။

(၆) "အပူလောင်"ပါက ချင်းလတ်လတ်ဆတ်ဆတ်ကို ထုခြေနယ်၍ ရသောသတ္တုရည်ဖြင့် အပူလောင်သောနေရာကို ညှစ်ချပေး၍ဖြစ်စေ၊ "နှာစေး၊ ချောင်းဆိုး၊ ရင်ကျပ်" ဖြစ်ပါက ချင်းစိမ်းကို မီးဖုတ်၍ ပျားရည် လက်ဖက်စားဇွန်း တစ်ဇွန်းနှင့် တို့စား၍ဖြစ်စေ၊ "ထိခိုက်ဒဏ်ရာရ"ပါက သက်ရင်းကြီးရွက် မနုမရင့်၊ ချင်းနှင့် မိဿလင်ဥတို့ကို ညက်အောင်ထောင်း၍ ဒဏ်ရာတွင် စည်းပေး၍ဖြစ်စေ ပြုစုပေးနိုင်ပါသည်။

(၇) "အော့အန်ခြင်း၊ ကြို့ထိုးခြင်း"ဖြစ်ပါက ချင်းသတ္တုရည် လက်ဖက်စားဇွန်း သုံးဇွန်းပမာဏနှင့် ကြက်သွန်နီဥ သတ္တုရည် သင့်ရုံ ရောစပ်သောက်ခြင်းဖြင့်ဖြစ်စေ (သို့မဟုတ်) ချင်းခြောက်ကို ဖန်ခါးသီးပျစ်ပျစ်နှင့် သွေး၍ ရေနွေးပူပူဖြင့် သောက်၍လည်းကောင်း၊ "ဆီမီးတောက်ဥ၊ ခပေါင်းကြီး အဆိပ်များသင့်"ပါက ချင်းခြောက်မှုန့် လက်ဖက်စားဇွန်း တစ်ဇွန်းရှိ ပမာဏ စားပေးခြင်းဖြင့်လည်းကောင်း၊ သွက်ချာပါဒ လေငန်းရောဂါအတွက် ချင်းကို သံပရာရည်ဖြင့် သုပ်စားခြင်း၊ ချင်းခြောက်နှင့် သိန္ဓောဆား ပမာဏ ဆတူရောစပ် နူးညံ့အောင် ထောင်းရှူခြင်းတို့ဖြင့်လည်းကောင်း ရောဂါသက်သာစေမည်ဖြစ်သည်။

(၈) "အသံဝင်၊ အသံပျက်၊ လည်ချောင်းနာခြင်း"တို့အတွက် ချင်းပါးပါး ခုနစ်လွှာကို ထန်းလျက် သုံးလုံးထည့်၍ ရေကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ခြင်းဖြင့် ရောဂါသက်သာပျောက်ကင်းစေမည်ဖြစ်သည်။

(၉) သွေးထဲတွင် အဆီဓာတ် (Cholestrol) များနေမှုကြောင့် ဖြစ်ပေါ်တတ်သည့် သွေးကြောကျဉ်းရောဂါ၊ နှလုံးနှင့် အသည်း အဆီဖုံးရောဂါများအတွက် ချင်းကို ပါးပါးသေးသွယ်စွာလှီးပြီး ကြက်သွန်နီ တစ်လုံး ပါးပါးလှီး၍ နှမ်းဆီဖြင့်ဆမ်း၍ ညစဉ် သုပ်စားပါက အဆီဓာတ်(Cholestrol) သွေးထဲတွင် ပါဝင်မှုနှုန်း လျော့နည်းသွားမည်ဖြစ်သည့်ပြင် ချင်းကို အသက်ရှည်တေဆေး (ရသာယနဆေး)အဖြစ် ချင်း(ဂျင်း)၊ ဖန်ခါးသီးနှင့် ထောပတ် ရောစပ်၍ စားသုံးနိုင်ပါသည်။

(၁၀) "နှုတ်မမြိန်၊ ဝမ်းမီးနုံ့၊ နှာစေး၊ ချောင်းဆိုးနှင့် ဝမ်းကိုက်ရောဂါ"ဖြစ်ပါက ချင်းပြုတ်ရည် သုံးကျပ်သားကို ပျားရည်ထည့်သောက်ပါက ရောဂါသက်သာသည့်ပြင် ကိုယ်သားကိုယ်ရေ အရောင်အဆင်း ကောင်းလာပြီး စိတ်ကိုလည်း ကြည်လင်စေမည်ဖြစ်သည်။ အကယ်၍ "အအေးမိပြီး ဖျားပါက" ချင်းငါးလွှာခန့် ပါးပါးလှီးပြီး ထန်းလျက်သုံးလုံး၊ ကွမ်းရွက်နှစ်ရွက်နှင့် သုံးခွက် တစ်ခွက်တင် ကျို၍ တစ်ခါသောက်လျှင် အကြမ်းပန်းကန် တစ်လုံးနှုန်း တစ်နေ့သုံးကြိမ်သောက်ရန် ဖြစ်ပါသည်။

ချင်း(ဂျင်း)၏ အထက်ဖော်ပြပါ အသုံးဝင်ပုံများသာမက ၎င်းနှင့် စပ်လျဉ်း၍ သုတေသနဆိုင်ရာ ပြုစုတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ချင်း(ဂျင်း)ခြောက်ကို သလိပ်နိုင်ရန်အတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁ (သလိပ်ပုပ်ပျောက်ဆေး = သေမပုတိကဆေး)တွင် လည်းကောင်း၊ လေနာရောဂါတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၃ (ဆားဆယ့်တစ်ပါးဆေး)တွင် လည်းကောင်း၊ ဒူလာ၊ လိပ်ခေါင်းရောဂါအတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၁၀ (ဆီးရွှင်ဝမ်းနုတ်ဆေး)တွင်လည်းကောင်း၊ သလိပ်ရောဂါအတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး အမှတ်–၂၃ (ဆေးပုလဲကလာပ်ဆေး)တွင်လည်းကောင်း၊ အအေးပတ်ဖွဲ့ရောဂါအတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၂၄ (လေးညှင်းကလာပ်ဆေး)တွင်လည်းကောင်း၊ အမျိုးသမီးရောဂါများအတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်–၂၉(သဗ္ဗဖေယျဆေးစပ်ကြီး)တွင် လည်းကောင်း၊ မီးတွင်းရောဂါနှင့် လေငန်းရောဂါတို့အတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး အမှတ်–၄၀ (ကျားတိုးဆေး)တွင်လည်းကောင်း အသီးသီးထည့်သွင်း အသုံးပြုလျက်ရှိခြင်း။

(ခ) ချင်း၏ ဟင်းခတ်ပစ္စည်းအဖြစ်သာမက ဆေးဖက်ဝင်ပုံတို့ကို ၁၉၇၆ သိပ္ပံဘွဲ့ (ရုက္ခဗေဒ)အတွက် ကျမ်းပြုခြင်း စာတမ်းနှင့် ၁၉၉၈ သတ္တမအကြိမ် တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားသော စာတမ်းတို့တွင်လည်းကောင်း၊ အဆစ်နာ၊ အဆစ်ရောင်ရောဂါအပေါ် ချင်း၏အကျိုးသက်ရောက်မှုတို့ကို ၂၀၀၀ ပြည့်နှစ် မဟာဆေးပညာဘွဲ့(ဆေးဝါးဗေဒ)အတွက် ကျမ်းပြုစာတမ်းတွင်လည်းကောင်း၊ ချင်းစိုက်ပျိုးနည်းနှင့် ဆေးဖက်ဝင်ပုံတို့ကို ၂၀၀၁ ခုနှစ် ဒသမအကြိမ် တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားသော စာတမ်းတွင်လည်းကောင်း၊ ပြည်တည်နာနှင့် အူရောင်ငန်းဖျားရောဂါတို့အတွက် ချင်း၏ အစွမ်းရှိပုံကို ၂၀၀၃ ခုနှစ် စတုတ္ထအကြိမ် တိုင်းရင်းဆေးသမားတော်များ ညီလာခံ စာတမ်းဖတ်ပွဲတွင် တင်သွင်းခဲ့သော စာတမ်းတွင်လည်း သုတေသနပြုချက်များ တွေ့ရှိရခြင်းတို့ဖြစ်သည်။

ချင်းခြောက်ပြုလုပ်ပုံ မှာ မနုမရင့် ချင်း(ဂျင်း)စိမ်းလတ်လတ်ဆတ်ဆတ်ကို အပေါ်ယံရှိ အမွေး၊ အမြှင်၊ အခွံများ ခြစ်ပစ်ပြီး တစ်ဖက်တစ်ချက် အခွံများ ပြောင်စင်သွားပါက စဉ့်အိုးအတွင်း အစီအရီထည့်၍ မဖောက်ထုံးရည်(ရေ) ကျိုထားသည့် ထုံးရည်တွင် သုံးရက်ခန့် နှစ်ပြီး စိမ်ထားရပါသည်။ ထို့နောက် စိမ်ထားသော ချင်း(ဂျင်း)များကို ဆယ်ယူ၍ ရေစစ်သွားသောအခါ မဖောက်ထုံးအမှုန့်များ အပေါ်ယံ ပါးပါးလေးဖြူးပြီး ဝါးကပ်ပေါ်တင်လျက် အခြောက်လှန်းခြင်းဖြင့် ချင်း(ဂျင်း)ခြောက်ကို ရရှိပါသည်။

ဟင်းလျာအတွက် ဟင်းခတ်ပစ္စည်းအပြင် ဆေးဖက်ပါ အသုံးဝင်သော ချင်း(ဂျင်း)တက်၏ အသုံးဝင် အစွမ်းထက်မှုကို မိသားစုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၏ အထောက်အကူပြု၊ လူသိလည်းများ၊ မီးဖိုချောင်အတွင်းမှ လွယ်လင့်တကူ ရရှိသော ဆေးဖက်ဝင် အသုံးချပစ္စည်း တစ်ရပ်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

စစ်ဘက်ခေါင်းဆောင်မှု၏ မျက်နှာဖုံး

ရန်ကုန် ဇန်နဝါရီ ၁၂

တပ်မတော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့် ကလောင်အမည်(လှိုင်သင်း) ဘာသာပြန်ဆို ရေးသားပြုစုသော စစ်ဘက်ခေါင်းဆောင်မှု၏ မျက်နှာဖုံး စာအုပ်ကို ဒေါ်တင်မမထွန်း၊ ကံကော်ဦးမွန် စာပေ တိုက်သာယာအေးလမ်းသွယ်(၁)သမိုင်းလမ်းဆုံအနီး ရပ်ကွက်(၃) မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၆၆၀၀၂၀ နှင့် ၀၁–၆၅၁၄၆၉ က ဖြန့်ချိလိုက်သည်။ **(အောက်ဝဲပုံ)** (က–ပ)

"ဝံသာနု" သတင်းလွှာ အတွဲ(၁၃) အမှတ်(၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၂

ပဲခူး၊ ဝေါ၊ ဒိုက်ဦးမြို့နယ် သုံးမြို့နယ် ဆက်စပ်ထိတွေ့ရာဒေသရှိ မိုးယွန်းကြီးအင်းရေပြင်၏ သဘာဝ အလှပုံရိပ် မျက်နှာဖုံးဖြင့် "ဝံသာနု" သတင်းလွှာ အတွဲ(၁၃) အမှတ်(၁)ကို ယနေ့ ထုတ်ဝေ ဖြန့်ချိလိုက်ကြောင်း သိရသည်။

"ဝံသာနု"သတင်းလွှာ၏ နောက်ကျောဖုံးတွင် အထူးကဏ္ဍအဖြစ် "အမှတ်တရ ရွှေရတု အကယ်ဒမီည၏ အမှတ်တမဲ့ ပုံရိပ်များ"ကို ဖော်ပြထားသည့်အပြင် ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး သတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီး စာပေ အမှတ် (၄၁) ၂၉ လမ်း ရန်ကုန်မြို့က ယနေ့ ဖြန့်ချိကြောင်း သိရသည်။

(အပေါ်ပုံ) (က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ကြည့်ရှု စစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင် ဘက်စုံအဆင့်မြင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ကြိုဆို

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ၄နာရီတွင် ကန်တော်ကြီးဥယျာဉ် Relaxation Zone သို့ ရောက်ရှိလာရာ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကန်တော်ကြီးဥယျာဉ် Relaxation Zone အတွင်း Timber Trallis များ စိုက်ထူပြီးစီးမှု၊ Trallis များ၌ ခရာပြာပန်းပင်များ တွယ်တက်နိုင်ရေး စိုက်ပျိုးထားရှိမှု၊ Timber Walk Way တည်ဆောက်နေမှု၊ ပုလဲကျွန်း၌ သင်ပုန်းကျောက်ဖြင့် Crazy Pattern ပုံစံ ခင်းထားမှု၊ ကျွန်းကူးသစ်သားတံတား တည်ဆောက်နေမှု၊ မြေယာရှုခင်းအလှများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မဟာမြိုင်ကျွန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မဟာမြိုင်ကျွန်း၌ Viewing Deck တည်ဆောက်မည့်အခြေအနေနှင့် ဆင်ဖြူတော်ရုပ်များထားရှိမည့် နေရာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက Relaxation Zone အတွင်းရှိ မဟာမြိုင်ကျွန်းအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် Education Zone အတွင်းရောက်ရှိလာပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ Flower Garden Shop များ ဆောက်လုပ်ပြီးစီးနေမှု၊ မြေယာရှုခင်းအလှနှင့် ပန်းအလှများ စိုက်ပျိုးထားရှိမှု၊ မြေပဒေသာကျွန်းအတွင်း ဟင်းသီးဟင်းရွက် စိုက်ခင်းပြကွက်များ၊ Hydroponic နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေမှု၊ Sorghun စိုက်ခင်းများနှင့် သစ်ခွစိုက်ခင်းပြကွက်များ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ငါးလုပ်ငန်းဦးစီးဌာနမှ Fresh Water Fish Garden တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆင့်မြင့်စားသောက်ဆိုင်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့သည် အဆင့်မြင့်စားသောက်ဆိုင် တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့သည် Central Forest Zone သို့ ရောက်ရှိပြီး အဆင့်မြင့်စားသောက်ဆိုင် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် Water Plaza တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး သစ်သားကြမ်းခင်းများ ခင်းနေမှု၊ သံလက်ရန်းတန်းများ တပ်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

သတ်မှတ်ချိန်အမီပြီးစီးရေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး လုပ်ငန်းများ သတ်မှတ်ချိန်အမီပြီးစီးရေး မှာကြားသည်။

(သတင်းစဉ်)

မဟာဘွဲ့နှင်းသဘင် မန္တလေးမြို့၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၃ခုနှစ် ဓမ္မာစရိယစာမေးပွဲ အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ်၃၆၈ပါး၊ ပထမပြန် စာမေးပွဲတွင် ပထမကျော်အပါအဝင် အထူးအောင်ပုဂ္ဂိုလ် ၁၆ပါး၊ နိကာယ်ငါးရပ်ပါဠိတော် စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၈ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊တတိယရရှိသူကိုဦးတို့အား ဘွဲ့တံဆိပ်များနှင့် အောင်လက်မှတ်များဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်၊ဖေဖော်ဝါရီ ၇ရက် မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို စာတိုက်မှ ပင့်စာများပေးပို့ ဆက်ကပ်ပင့်ဆောင်ပြီးဖြစ်သည်။ ပင့်စာများကို အချိန်မီ မရရှိပါက ကြွရောက်တော်မူကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ အထူးအရာရှိ ဗိုလ်မှူးကြီးဆန်းထွန်း၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မန္တလေးမြို့ရှိ မန္တလေးတိုင်း အခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများအား ဇန်နဝါရီ၁၀ရက် နံနက်၈နာရီတွင် တွေ့ဆုံအမှာစကားပြောကြားသည်။

ကြပ်မတ်ကွပ်ကဲ

ဝန်ကြီးကပြောကြားရာတွင် မိမိတို့၏ လက်အောက်ခံဌာနများအနေဖြင့် ငွေရေးကြေးရေးကိစ္စများနှင့် စာရင်းဇယားများအား အဓိကထား လုပ်ဆောင်နေရသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများအား စည်းကမ်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများကို အဓိကရှာဖွေ ပေးရသည့် ဌာနဖြစ်သည်နှင့်အညီ ဌာနများ၏ ရည်မှန်းချက်ကိုပြည့်မီစေရေး အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၂၃လမ်းနှင့် ၈၃လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂)သို့ သွားရောက်စစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဘဏ်ခွဲအတွင်း ငွေထုတ်၊ ငွေသွင်းလုပ်ငန်းများအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ၈၃လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် တိုင်းရုံးချုပ်အား လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ၂၆လမ်းရှိ မြန်မာ့စီးပွားရေး ဘဏ်ခွဲ(၃)အား လည်းကောင်း စစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများကလုပ်ငန်းအလိုက် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၁ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း အကောက်ခွန် ဦးစီးဌာနရုံးသို့ သွားရောက်စစ်ဆေးရာ တာဝန်ရှိပုဂ္ဂိုလ်များက အကောက်ခွန်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားသွားသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေး ဘဏ်ခွဲများတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဘဏ္ဍာ/အခွန်)

ယောနယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ယောနယ်အသင်း(ရန်ကုန်)၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် အမှတ်(၂၀၂) လမ်း(၄၀)တွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်အသက်(၇၀)နှင့်အထက် သက်ကြီးများနှင့် ၂၀၀၂-၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းမှ တက္ကသိုလ်အသီးသီးအထိ စာမေးပွဲအောင်မြင်ကြသူ အသင်းဝင်သားသမီးများ အမည်စာရင်းကို ဦးအေးမောင် အမှတ်(၅၂) လမ်း(၃၀)ဖုန်း-၂၄၀၆၁၄၊ ဦးအောင်မြ အမှတ်(၁၄၀) (၃၇)လမ်း ဖုန်း-၂၅၂၈၁၁၊ဦးသာလှ အမှတ်(၉၉)ဆိပ်ကမ်းသာလမ်း ဖုန်း-၃၈၀၄၄၈တို့သို့ ဇန်နဝါရီ၁၇ရက်(စနေနေ့) နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

▲ **အသက်(၁၄)နှစ်မှ**

အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း(Aung Mangalar Co., Ltd) နှင့် အမှုဆောင် အဖွဲ့ဝင် ဗိုလ်မှူး တင်စောနိုင် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်နိုင်ငံများဖြစ်ကြသော မြန်မာ၊ မလေးရှား၊ နီပေါ၊ ဘူတန်၊ မော်လဒိုက်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ လာအို၊ မွန်ဂိုလီးယား ပြိုင်ပွဲဝင် အသင်းတို့မှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများက ကွင်းအတွင်း နေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

အဖွင့်အမှာစကား

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

နှုတ်ခွန်းဆက်စကား

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co, Ltd) က ပြိုင်ပွဲဝင်အသင်းများအား ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ် ကျော်ဝင်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများအား အမှတ်တရပန်းစည်းများ ပေးအပ်သည်။

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း အသက် (၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)



အမှတ်တရဓာတ်ပုံရိုက်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ဧည့်သည်တော်များ၊ တင်းနစ်အားကစားသမားများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။
(ကြေးမုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အသက် ၁၄နှစ်နှင့်အောက်အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Menon တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယကနှင့် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအပြီးတွင် ကျင်းပသော ပွဲဦးထွက်ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်(TFM) တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့် အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ယနေ့မှ ဇန်နဝါရီ ၂၀ရက်အထိ နေ့စဉ်နံနက် ၈နာရီမှ ညနေအထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုအားပေးရန် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ဖိတ်ခေါ်ထားသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

(၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက် စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

✡ **(၅၉)နှစ်မြောက်မှ**

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကိုယ်စားပြု စစ်တီးဝိုင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၅၅)ခြေမြန် တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက လပခ စစ်သည်၊ တပ်မတော်၊ ထာဝစဉ်နှပျိုနေတဲ့ ဒို့တပ်မတော်၊ မြင့်မြတ်တဲ့ လပခ စစ်သည် စစ်ချီတေးများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ကမ်းရိုးတန်း ရဲမက်စစ်သည်၊ ပြည်သူ့တပ်မတော်၊ ထာဝစဉ်နှပျိုနေတဲ့ဒို့တပ်မတော်၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က အောင်ပွဲရတဲ့ဒို့စစ်သည်၊ တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီတေးများဖြင့်လည်းကောင်း၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းကိုယ်စားပြု စစ်တီးဝိုင်းက ဗိုလ်သင်တန်းကျောင်းစစ်သည်၊ ဒို့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ဒို့တပ်မတော်သား စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက အောင်ပွဲဆင့်မည့် နမခ စစ်သည်၊ လက်တွဲတူပျော် စစ်သည်တော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ပြည်သူ့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက စွန့်စားရဲရင့်အောင်ပွဲဆင့်၊ ဖန်နေဝန်း၊ ပေးအပ်အမိန့် နာခံထား ခြေမြန်တပ်မ ငါးဆယ့်ငါး၊ ထာဝစဉ်နှပျိုနေတဲ့ ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုငွေ

ဆက်လက်၍ (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အလှုပြတီးမှုတ်ဖျော်ဖြေကြသည့် ဒဂုံမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် မော်ဘီမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးချုပ်ရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၀၄ (အင်္ဂါနေ့)

၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်ကျော်-၇ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဉယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ ဒါးကတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သင်္ချာ)
၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၂၅ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၄၀ ၈။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၅:၅၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၆:၃၀၁၀။ ညနေခင်းသတင်း
၇:၀၀၁၁။ မိုးလေဝသအခြေအနေ
၇:၀၅၁၂။ Milo Success in Soccer.
၇:၁၀၁၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
၇:၂၅၁၄။၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေး စုံညီပွဲတော် ထူးချွန်ထက်မြက်ကျောင်းသား၊ ကျောင်းသူများ ချီတက်သရုပ်ပြပွဲ (အပိုင်း-၁)
၇:၄၀၁၅။ တေးဂီတအစီအစဉ်
၈:၀၀၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၁၃)**
၂၀။ Calcio Serie A Highlight.
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

အင်္ဂလိပ်စာ စကားပြော အရေးနှင့်သဒ္ဒါ သင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

(Q.E.L.C) Quality English Language Centre က အခြေခံပညာ အထက်တန်း ဘွဲ့ကြို၊ ဘွဲ့ရများအတွက် စကားပြောသင်တန်း Basic Spoken English (BSE), 4-Skills English (4SE), Grammar,Reading and Vocabulary (GRV), Writing, Intermediate English Proficiency(IE), အပြည်ပြည်ဆိုင်ရာ အင်္ဂလိပ်စာ စွမ်းရည်စစ် စာမေးပွဲများဖြစ်သော IELTS, TOEFL, SAT, FCE,GRE သင်တန်းများ၊ တတိယတန်းမှ နဝမတန်းအထိ English Skills Foundation(ESF) သင်တန်းများကို လစဉ်တန်းခွဲများနှင့် တစ်ဦးချင်းတန်းများ သင်ကြားပေးလျက်ရှိသည်။ အထူးအစီအစဉ်အနေဖြင့် တစ်နှစ်ပတ်လုံးတက်ရောက်နိုင်သောအတန်းကို ဖွင့်လှစ်ထားကြောင်း၊ ကလေးများအတွက် နွေရာသီသုံးလ အင်္ဂလိပ်စာသင်တန်းကို ဖေဖော်ဝါရီ ၂၃ရက်နှင့် မတ်လ ၁ရက်တို့တွင်ဖွင့်လှစ်ပြီး တန်းခွဲတစ်ခုလျှင် ၁၅ ဦးသာလက်ခံသည်။ အသေးစိတ် သိလိုပါက ဆရာဦးမောင်မောင်သိန်း B.A (English) Diploma in ELT Cambridge Certificate in ELT (Q.E.L.C) အမှတ် (၁၅၆)၊ လေးထပ် (4.D) အနော်ရထာလမ်းမ (၄၆)နှင့်(၄၇) လမ်းကြား၊ ဗိုလ်တထောင်မြို့နယ် ဖုန်း- ၇၂၄၅၂၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

စမ်းချောင်းလမ်း ၁၀ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း၊ အမှတ် (၂၉)ဒုတိယလွှာတွင် ဇန်နဝါရီ ၁၅ရက်မှ ၂၄ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ ဓမ္မဒါန ပြုမည်ဖြစ်၍ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းနှင့် နေ့စဉ် ည ၆နာရီခွဲမှ ၈နာရီအထိ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ရှေးဟောင်းသုတေသန တူးဖော်မှုလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်နှင့် ဦးစီးအရာရှိများလိုက်ပါလျက် ဇန်နဝါရီ ၉ရက်တွင် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် မြို့လှကျေးရွာသို့ သွားရောက်ပြီး ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေးဌာနခွဲမှ တူးဖော်သုတေသနပြုလျက်ရှိသော ကြေးခေတ်နှောင်း သံခေတ်ဦး ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ နေရာဌာနများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးအား ရှေးဟောင်းသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်ကျော်က မြို့လှကျေးရွာ ပတ်ဝန်းကျင်၌ ရှေးဦးပျူယဉ်ကျေးမှု အထောက်အထားများ ကွင်းဆင်းရှာဖွေမှု၊ တွေ့ရှိရမှု၊မြို့လှကျေးရွာအနီး၌ တူးဖော်သုတေသနပြုနေမှုနှင့် လူအရိုးစု အချို့ တူးဖော်တွေ့ရှိမှု၊ ပျူပုတီးလုံး၊ ပုတီးတောင့်များ တူးဖော်တွေ့ရှိမှု၊ မြေအိုးမြေခွက်များ တူးဖော်တွေ့ရှိမှု တို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တူးဖော်တွေ့ရှိရသော ယဉ်ကျေးမှု အထောက်အထားပစ္စည်းများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြို့လှကျေးရွာအနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ရှေးဟောင်းသံချက်ဖိုများ တည်ရှိရာ ဝါးရုံတောရွာသို့ သွားရောက်ကြည့်ရှုသည်။ ဝါးရုံတောရွာ တောင်ကုန်းငယ်ပေါ်၌ သံချက်ဖိုကြီး သုံးခုနှင့် ချော်ခဲများ၊ သံကျွတ်ရောချော်တုံးများ၊ သံသတ္တုရောနှောပါရှိသည့် ကျောက်တုံးများ အမြောက်အမြား တွေ့ရှိရသည်။ ဆက်လက်၍ ဝန်ကြီးသည် မြို့လှရွာအနီး အမှတ်(၁) တူးကွက်များနှင့် အမှတ်(၃) တူးကွက်များမှ တူးဖော်တွေ့ရှိရသော လူအရိုးစုများနှင့် သံလက်နက်ပစ္စည်းများကို သွားရောက်ကြည့်ရှုပြီး ကြေးခေတ်နှောင်း သံခေတ်ဦးကာလ လူအရိုးစုများကို တွေ့ရှိခြင်းဖြင့် မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် တစ်လျှောက်လုံး မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ အတည်တကျ အခြေချနေထိုင်လာခဲ့ပြီးဖြစ်ကြောင်း သက်သေပြနိုင်ပြီဖြစ်သည့် ခိုင်လုံသော အထောက်အထားများဖြစ်၍ ဆက်လက် သုတေသနပြုရန်နှင့် စနစ်တကျ ထိန်းသိမ်းထားရှိရန် မှာကြားသည်။

ဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် သရက်တောအုပ်စု ပိုးစာတောကျေးရွာအနီး၌ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တူးဖော် သုတေသနပြုလျက်ရှိသော ကြေးခေတ်နှောင်း သံခေတ်ဦး ပျူပုတီးများတွေ့ရှိရာ နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား ရှေးဟောင်းသုတေသန ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်ဆွေက တူးဖော်သုတေသနပြုရာမှ ပျူပုတီးစေ့နှင့် ပုတီးတောင့်များ၊ သံမြားခေါင်း၊ သံတူရွင်းလက်နက်ကိရိယာတွေ့ရှိမှု၊ အိုးခြမ်းကွဲ တွေ့ရှိရမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တူးဖော်ထားသည့် တူးကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် တပ်ကုန်းမြို့မှ တစ်ဆင့် လယ်ဝေးမြို့ရှိ သမိုင်းဝင် ရန်အောင်မြင် ရွှေလက်လှဘုရားသို့ ရောက်ရှိရာ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေး ဖူးမြော်ကြည်ညိုပြီး အလှူငွေကျပ်တစ်သိန်း လှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးသည် ရွှေလက်လှဘုရား၏ အနောက်မြောက်ဘက်ရှိ ရှေးဟောင်းကျုံးနှင့် မြို့ရိုးများကို သွားရောက်ကြည့်ရှုကာ မည်သည့်ခေတ်ကာလက တည်ဆောက်ခဲ့သော မြို့ရိုးများဖြစ်ကြောင်း ဖော်ထုတ်သိရှိနိုင်ရေးအတွက် တူးဖော်သုတေသနပြုသွားရန် တာဝန်ရှိသူများအား မှာကြားသည်။ ဝန်ကြီးသည် ညနေပိုင်းတွင် လယ်ဝေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)



ပျူယဉ်ကျေးမှု အထောက်အထားများ တူးဖော်တွေ့ရှိခဲ့သည့် ရမည်းသင်းမြို့နယ် မြို့လှကျေးရွာပြမြေပုံ။ (ယဉ်ကျေးမှု)

ရမည်းသင်းမြို့နယ် မြို့လှကျေးရွာအနီးတွင် ရှေးဟောင်းသုတေသနဦးစီးဌာနမှ တူးဖော်တွေ့ရှိသည့် မြေအိုး၊ မြေခွက်နှင့် သံလက်နက်များပုံ။ (ယဉ်ကျေးမှု)

ကြေးလက်ကောက်

ရမည်းသင်းမြို့နယ် မြို့လှကျေးရွာအနီးတွင် ရှေးဟောင်းသုတေသနဦးစီးဌာနမှ တူးဖော်တွေ့ရှိသည့် လူအရိုးနှင့်တွဲလျက် ကြေးလက်ကောက်များပုံ။ (ယဉ်ကျေးမှု)

ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် ထိုင်းနိုင်ငံ ဗန်ကောက် မြို့တွင် ဇန်နဝါရီ ၇ရက်မှ ၁၀ရက်အထိ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် နိုင်ငံဖြတ်ကျော် မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ အာဆီယံ ဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံဝန်ကြီးများ + ၃ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်အား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးကိုလေး၊ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။ (သတင်းစဉ်)

ကြည့်မြင်တိုင် အေဘီအမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

(၂၈)ကြိမ်မြောက် ကြည့်မြင်တိုင် အေဘီအမ်(ABM)ကျောင်း အာစရိယပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် အေဘီအမ်ကျောင်းဝင်း ဆရာမကြီး ဒေါ်လှရှိန်၏နေအိမ်၌ နှစ်စဉ်ကျင်းပမြဲအတိုင်း ကျင်းပရန် စီစဉ်ထားသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူငွေနှင့် ပစ္စည်းများကို ဒေါ်ရီရီမေ ဖုန်း-၂၂၀၃၇၀၊ ဒေါ်ရင်မေ ဖုန်း-၅၂၆၂၄၈၊ ဒေါ်ညွန့်ညွန့်အေး ဖုန်း-၅၃၅၅၄၆၊ ဒေါ်ကြည်ကြည်စိန် ဖုန်း-၃၈၀၁၀၁၊ ဒေါ်စွမ်(ရှမ်းမ)ဖုန်း-၂၂၃၂၅နှင့် ဒေါ်လွင်လွင်ကျော် ဖုန်း-၅၇၈၉၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အထက(၁) တာမွေ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျောက်မြောင်း အစိုးရအထက်တန်းကျောင်း (ယခု အထက-၁၊ တာမွေ) ၌ ၁၉၄၅-၁၉၆၅ ခုနှစ်တွင် ပညာသင်ကြားပြသခဲ့သည့် အသက်(၇၀)နှစ်အထက် ဆရာ၊ ဆရာမကြီးများအား (၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၅ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ပြုလုပ်မည်ဖြစ်ရာ တပည့်ဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါ်ခင်ခင်သန်း ဖုန်း-၀၉-၅၀၀-၉၂၀၄၊ ဦးစိန်ဝင်းအောင် ဖုန်း-၅၇၂၀၀၉၊ ဦးစိုးတင့် ဖုန်း-၅၄၀၉၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အိုင်စီတီအလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယအကြိမ် ICT ရက်သတ္တပတ်ပြပွဲအတွင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ Object Orientated Software Development With Unified Modeling ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်၌ လှိုင်မြို့နယ် MICT Park အခန်း-၂၀၅ တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ ကျင်းပမည်ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှောဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ်(စိတ်ပညာ) (ခ) ပထမနှစ်(အင်္ဂလိပ်စာ)
၅:၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅	၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း-၅)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး (အပိုင်း-၁၈)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

● အေအိုင်ဒီအက်စ်မှ

ဒေါ်မေမေရီ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ခုခံကျ/ကာလသားရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါ တိုက်ဖျက်ရေး စီမံချက်များမှ စီမံချက်မန်နေဂျာများ၊ ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာ၊ အင်ဒိုနီးရှား၊ နီပေါ၊ ဘူတန်၊ ထိုင်း၊ အိန္ဒိယ၊ မော်လဒိုက်၊ အရှေ့တီမောနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် CCM အဖွဲ့ကို ၂၀၀၂ခုနှစ် မတ်လတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ အပါအဝင် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်ပေါင်း ၁၉ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီးနောက် ယခုအခါ ၂၉ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ အဖွဲ့ဝင်များမှာ ကျန်းမာရေးဝန်ကြီးဌာနမှကိုးဦး၊ နီးနွယ်သောဝန်ကြီးဌာနများမှ တစ်ဦး၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများမှ ကိုးဦး၊ ပုဂ္ဂလိကကဏ္ဍမှ သုံးဦး၊ HIV/TB/Malaria လူနာများမှ ကိုယ်စားလှယ်တစ်ဦး၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် လေးဦးနှင့် ဘာသာရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦးတို့ ပါဝင်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ကျန်းမာရေး အဆင့်အတန်း မြင့်တင်ရန်နှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဦးတည်ချက်ဖြင့် ကျန်းမာရေး စီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျန်းမာဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများမှာ ၂၀၃၀အတွက် မြန်မာနိုင်ငံ ကျန်းမာရေးမျှော်မှန်းချက်၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း (ကျန်းမာရေးကဏ္ဍ)၊ ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးမှုစီမံကိန်း၊ ဆေးရုံများ အဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် အမျိုးသားကျန်းမာရေး စီမံကိန်းတို့ဖြစ်ကြောင်း၊ ယင်းစီမံကိန်းများအရ မြန်မာနိုင်ငံရှိ ကျန်းမာရေး စောင့်ရှောက်မှုပေးသောဆေးရုံ၊ ဆေးခန်းများ ပိုမိုဖွင့်လှစ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများပေးခြင်း၊ တိုးချဲ့ခန့်ထားခြင်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ပထမဦးဆုံးအကြိမ်

ကျန်းမာရေး ဝန်ကြီးဌာနသည် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ အသီးသီးတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်မှုတစ်ရပ်မှာ ၂၀၀၃ခုနှစ် နိုဝင်ဘာလအတွင်း ပထမအကြိမ် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးပြပွဲကို အောင်မြင်စွာ ပူးပေါင်းပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်များအတွက် အဓိကရည်ရွယ်ပြသခဲ့ခြင်းဖြစ်ပြီး ပြပွဲကျင်းပချိန် ၁၀ရက် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ပြသကြောင်း၊ ထို့အပြင် ၂၀၀၃ခုနှစ်အတွင်း မြန်မာနိုင်ငံအနေနှင့် အနာကြီးရောဂါနှင့်ပိုလီယိုရောဂါ ကင်းရှင်းသည့်နိုင်ငံဖြစ်ကြောင်း ကြေညာနိုင်ခဲ့ခြင်းသည် ပြည်သူလူထု၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းများအပေါ် စိတ်ပါဝင်စားမှု၊ စေတနာထားရှိမှုနှင့် ကျွမ်းကျင်မှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အောင်မြင်မှုအတွက် အရေးကြီးသော အကြောင်းအရာများ ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်အတွက် ထောက်ပံ့မှုများ ပိုမိုလိုအပ်သည်နှင့်အညီ မြန်မာနိုင်ငံအား CCM အဖွဲ့အစည်းမှ အေအိုင်ဒီအက်စ်/တီဘီနှင့် ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့သို့ အဆိုပြုလွှာများတင်သွင်းခဲ့ကြောင်း၊ ဒုတိယအကြိမ် အဆိုပြုလွှာတင်သွင်းရာတွင် တီဘီရောဂါအတွက် ကူညီထောက်ပံ့ရန် အဆိုပြုလွှာမှာ သဘောတူညီချက် ရရှိခဲ့ပြီး တတိယအကြိမ် အဆိုပြုလွှာတင်သွင်းရာတွင် ငှက်ဖျားရောဂါအတွက် သဘောတူညီချက်ရရှိခဲ့ကြောင်း၊ HIV / AIDS ရောဂါအတွက် ၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်း ပြန်လည်စိစစ်ပြီး အတည်ပြုရန် သဘောတူလက်ခံပြီးဖြစ်ကြောင်း၊ ပြီးခဲ့သည့်လများအတွင်း ပြောင်းလဲတိုးတက်မှု တစ်ရပ်မှာ တီဘီရောဂါအတွက် Global Fund လက်ခံရန် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP အား အဓိကလက်ခံမည့် အဖွဲ့အစည်းအဖြစ် Global Fund Board အဖွဲ့မှ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ နယ်စပ်ဒေသတစ်လျှောက်တွင်ရှိသော ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ရန်နှင့် ကူးစက်ရောဂါများဖြစ်သော ကူးစက်ပျံ့ပွားမှုလျော့နည်းစေရန် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နယ်စပ်တစ်လျှောက် အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားရောဂါများ ကာကွယ် တိုက်ဖျက်ရေးစီမံချက်ဆိုင်ရာ အဆိုပြုလွှာ (Joint Proposal for Myanmar Thailand Cross Border Disease Control Programme) ကို Global Fund သို့ တင်သွင်းခြင်းနှင့် ပတ်သက်သည့် ကနဦးအစည်းအဝေးကို ၂၀၀၃ခုနှစ်အတွင်း ဗန်ကောက်မြို့နှင့် ရန်ကုန်မြို့များတွင် ပြုလုပ်ခဲ့ကြောင်း၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ စတင်ပေါ်ပေါက်လာသည့် လွန်ခဲ့သောနှစ်နှစ်ခန့်မှစ၍ အရှေ့တောင်အာရှဒေသအတွင်းရှိ နိုင်ငံများ၏ အဆိုပြုလွှာများကို လက်ခံအတည်ပြုခြင်းခံခဲ့ရပါကြောင်း။

အခွင့်အရေးကောင်း

ယခုပြုလုပ်သည့် အစည်းအဝေးမှာ ရရှိလာသော ရန်ပုံငွေများအား ကိုင်တွယ်သုံးစွဲမှုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရန်နှင့် နိုင်ငံအသီးသီး၏ အတွေ့အကြုံများ ဖလှယ်နိုင်ရန် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ လက်ရှိအခြေအနေနှင့် စတုတ္ထအကြိမ် အဆိုပြုလွှာနှင့် ပတ်သက်၍လည်း နိုင်ငံအသီးသီးမှ ပိုမိုသဘောပေါက်နားလည်နိုင်မည့် အခွင့်အရေးများ ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ အရေးကြီးသောအစည်းအဝေးတစ်ရပ်အား မြန်မာနိုင်ငံတွင် ကျင်းပခွင့်ပြုသည့်အတွက် အဖွဲ့ဝင်နိုင်ငံအသီးသီးနှင့် ကူညီပံ့ပိုးပေးသော UNAIDS အား ကျေးဇူးတင်ရှိကြောင်း၊ အစည်းအဝေး၏ ဆွေးနွေးချက်များသည် အဖွဲ့ဝင်နိုင်ငံအသီးသီးအတွက် အကျိုးရှိစေရုံသာမက ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုမြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက်ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ဘုတ်အဖွဲ့ဝင် Dr. Suwit Wibulpolprasert က အမှာစကား ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် Global Fund အစည်းအဝေးကို ၂၀၀၃ခုနှစ် မတ်လအတွင်းက ကျင်းပခဲ့ပြီး ယခုအရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံများမှ GFATM လက်ခံမည့် အဖွဲ့အစည်းများဆိုင်ရာ အစည်းအဝေးသို့ အရှေ့တောင်အာရှဒေသတွင်း နိုင်ငံရှစ်နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

❁ တိုင်းမှူးမှ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ငွေဆောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးလေးဆွေက ကျောင်းအတွင်း ဆောက်လုပ်လျက်ရှိသော တိုးချဲ့ကျောင်းဆောင်သစ်နှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်းဆောင်တို့ကို လိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၂၀၀၊ အနံ ပေ ၃၀ရှိပြီး ပညာရေးဌာနမှ ငွေကျပ်၂၇သိန်းအပါအဝင် ဒေသခံပြည်သူများ လှူဒါန်းငွေကျပ် ၉၉၃၅၀၀၀ ဖြင့် တည်ဆောက်လျက်ရှိပြီး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှာ ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေ ကျပ်ဖဖြသိန်းကျော်ဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။ (သတင်းစဉ်)

❐ မြန်မာတင်းနစ်မှ

မြန်မာအသင်းမှ အားကစားသမားတစ်ဦးတို့ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြသည်။

အမျိုးသားတစ်ဦးချင်းပွဲစဉ်များတွင် မြန်မာအသင်းမှ ဖြိုးမင်းသာ၊ အိုက်ကျော်ကျော်၊ ဇင်ဘိုနှင့် ဝင်းထက်ပိုင်၊ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များတွင် မြန်မာအသင်းမှ မိုးချစ်သဲတို့ ကွာတားဖိုင်နယ်အဆင့်သို့ အသီးသီး တက်ရောက်သွားရာ ကွာတားဖိုင်နယ်အဆင့်တွင် အမျိုးသား တစ်ဦးချင်းပွဲစဉ်များ အဖြစ် မြန်မာမှ ဖြိုးမင်းသာနှင့် ပါကစ္စတန်မှ BABAR၊ မြန်မာမှ အိုက်ကျော်ကျော်နှင့် မလေးရှားမှ SHANMUGAM၊ မြန်မာမှ ဇင်ဘိုနှင့် မလေးရှားမှ KWANG၊ မြန်မာမှ ဝင်းထက်ပိုင်နှင့် သီရိလင်္ကာမှ DINESH KANTHAN၊ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်တွင် မြန်မာမှ မိုးချစ်သဲနှင့်သီရိလင်္ကာမှ ARUDPRAGASAM တို့ အသီးသီးယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို ဇန်နဝါရီ ၁၃ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ခင်းကျင်းပြသရေးကော်မတီ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၂

(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ခင်းကျင်းပြသရေးကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ခင်းကျင်းပြသရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ တက်ရောက် အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ (၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ ပြခန်းကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးသဘာပတိ ပြပွဲခင်းကျင်းပြသရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဦးစီးအရာရှိ(ဒုတိယတန်း) ဗိုလ်မှူးကျော်ကျော်မြင့်က ပြခန်းများခင်းကျင်းပြသရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးဌာနအသီးသီးမှ ပြခန်းကိုယ်စားလှယ်များ၊ တိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများမှ ကိုယ်စားလှယ်များက ပြခန်းများ ခင်းကျင်းပြသမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ (၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ ခင်းကျင်းပြသရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျန်းမာရေး ဒုတိယဝန်ကြီး အရာတော်ဆေးရုံစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာမြဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းတွင် အရာတော်မြို့နယ် ဆေးရုံသို့ရောက်ရှိပြီး လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။ (သတင်းစဉ်)

✻ ရဲအရာရှိများမှ

များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ နည်းပြအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

မှာကြား

ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာတွင် ရဲအရာရှိများ အထူးမွမ်းမံသင်တန်းကို အမှတ်စဉ် (၁)မှ (၁၂)အထိ သင်တန်းသား အရာရှိ စုစုပေါင်း ၂၉၈၂ဦး အောင်မြင်စွာ လေ့ကျင့်သင်ကြား ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုသင်တန်းတွင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးဘာသာရပ်များအပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်းတာဝန်များပါ ထည့်သွင်း ပို့ချသွားမှာဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ပကတိ အခြေအနေမှန်ကို သိရှိနားလည်ကာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ်ပြီး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်းမှာကြားသည်။

သင်တန်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၁၅ဦး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ၃၀ဦးနှင့် အကျဉ်းဦးစီးဌာနမှ ငါးဦး စုစုပေါင်း သင်တန်းသား ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။ (သတင်းစဉ်)

အစည်းအဝေးကို ယနေ့မှစ၍ ဇန်နဝါရီ ၁၃ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့စည်းရုံးရေးကော်မတီက ကြီးမှူးကျင်းပသည့် ၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ၂၀၀၂ခုနှစ် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဆောင်းပါး၊ ဓာတ်ပုံပြိုင်ပွဲများတွင် တာမွေမြို့နယ်မှ ဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်–တိုင်းရင်းဆေးသိပ္ပံ)၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ ဆုရစာပေနှင့် ဓာတ်ပုံပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၄ရက်တွင် နိုင်ငံတော်က ချီးမြှင့်သည့် ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)အပ်နှင်းချီးမြှင့်ခြင်းခံရသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)အား တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင် (စိုးအောင်–တိုင်းရင်းဆေးသိပ္ပံ)က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် ၁၃၆၅ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးမျိုးသန့်(မောင်ဆုရှင်)နှင့် ဦးချစ်နိုင်(ချစ်နိုင်–စိတ်ပညာ)တို့က စာပေရေးရာများ ဟောပြောကြသည်။

ဆက်လက်၍ ၂၀၀၂ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုတိုပေါင်းချုပ်ဆုတွင် "သဏ္ဍာန်မဲ့ထုထည်"ဝတ္ထုတိုဖြင့်ဆုရ စာရေးဆရာ သန်းမြင့်အောင်(သန်းမြင့်အောင်)၊ ၂၀၀၂ ခုနှစ် စာပေဗိမာန် ဘာသာပြန်စာပေဆုတွင် "ဒစ်ဂျစ်တယ်မျက်မှောက်ခေတ်" စာမူဖြင့် ပထမဆုရ ဦးဟန်ထွန်း(ဇော်ထွန်းအောင်)၊ (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတွင် "လေးရပ်လှုပ်ရှားမှုအခြေပြု လုပ်ချီပြည်သစ်ဆီ" စာမူဖြင့် ဆောင်ပါးပထမဆုရ မစုဝင်းဦးနှင့် ဓာတ်ပုံပြိုင်ပွဲတွင်အထူးဆုရ ညောင်ဦးဗိုလ်ချုပ်တို့အား တာဝန်ရှိသူများက ထပ်ဆင့် ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့နယ် အလက (၂)တွင် ကျောင်း သား ဆရာ မိဘ ပညာ ရေး စုံညီပွဲတော် ကျင်းပရာ စတုတ္ထ တန်းမှ ရွှေရည် ဝင်းက စည်သည် တော် များ အား ရွှေအင်းဝ တေး သီချင်းဖြင့် ဖျော် ဖြေ အပြီးတွင် ကျောင်းအုပ်ဆရာ ကြီး ဦးထွန်း ကြည်က ဆုငွေ ချီးမြှင့် ပေးအပ် စဉ်။ (က-ပ)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၉ရက် ညနေ ၅ နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးကြီး ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆင်ပြေချောမွေ့

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးနှင့် အခြားပြည်နယ်နှင့် တိုင်းအသီးသီးသို့ နေ့စဉ် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ၊ ရန်ကုန်တိုင်းအတွင်း နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ရန်ကုန်မြို့တော်ကြီးနှင့်အခြားပြည်နယ်နှင့်တိုင်းများသို့ နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများအဆင်ပြေချောမွေ့စေရေး၊ ခရီးသည်တင်ဘတ်စ်ကားကြီးများ၊ မီးရထားများ၊ သင်္ဘောများနှင့် လေယာဉ်များ အချိန်မှန်ဝင်ထွက်စေရေးနှင့် ယာဉ်အန္တရာယ်မဖြစ်စေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးရမည့်အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန် စစ်ဆေးကြပ်မတ်နေမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ယာဉ်အန္တရာယ်ဖြစ်မှုနှင့် ယာဉ်မတော်တဆမှုများ လျော့ပါးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်အတွင်း ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်အန္တရာယ်ဖြစ်မှုများ လျော့ပါးသွားစေရန်အချက်ပြမီးပွိုင့်များ၊လူကူးမျဉ်းကြားများ၊ သတိပေးဆိုင်းဘုတ်များ၊ ဖြူနီကျားများ၊ မျဉ်းသေများ ရေးဆွဲပေးထားကြောင်း၊ သို့ရာတွင် အချို့ယာဉ်မောင်းများသည် ဖြူနီကျားများတွင် ရပ်တန့်ခြင်း၊ မျဉ်းသေဖြတ်ကျော်ခြင်း၊ မီးဝါ၊ မီးနီဖြတ်မောင်းခြင်းကြောင့် ယာဉ်တိုက်ခိုက်မှုများ ကျန်ရှိနေသေးကြောင်း။

စနစ်တကျ စွန့်ပစ်

လမ်းဖြတ်ကူးသူများကလည်း လူကူးမျဉ်းကျားများနှင့် သတ်မှတ်ထားသည့် နေရာများမှသာ ဖြတ်ကူးရေး၊ ယာဉ်မောင်းများကလည်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာစေရေးတို့ကို တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပရေးအတွက် လမ်းမကြီးများ၌ ပန်းအလှပင်များ၊ မြေယာရှုခင်း အလှများနှင့် သန့်ရှင်းရေးအတွက် အမှိုက်သိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ခရီးသွားပြည်သူများက အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်းဖြင့် ကူညီပေးစေလိုကြောင်းနှင့် တာဝန်ရှိသူများက စည်းကမ်း ဖောက်ဖျက်သူများအား ထိရောက်စွာ အရေးယူဆောင်ရွက်ကြရေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၁ ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကော်မတီဝင်များ ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းဖော်ပြပြီး)(သတင်းစဉ်)

ကော့သောင်း၌ ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ကော့သောင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ပံ့ပိုးကူညီမှုဖြင့် ကော့သောင်းကုန်စည်ပစ္စည်း ဈေးရောင်းပွဲတော်ကို ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် အားကစားကွင်း၌ ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပွဲတော်၌ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးအမျိုးမျိုး၊ အဝတ်အထည်၊ ပြည်တွင်း၊ ပြည်ပ ထုတ်ကုန်ပစ္စည်းများ၊ မီးဖိုဆောင်သုံး အိမ်ရှင်မများစိတ်ကြိုက် ပစ္စည်းမျိုးစုံကို ရောင်းချပေးသွားမည်ဖြစ်သည်။ ဈေးရောင်းပွဲတော်အတွင်း ကြော်ငြာ အလှပြ၊ သစ္စာအောင်ဇာတ်ပွဲ၊ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်၊ အနုပညာရှင်တို့၏ ဖျော်ဖြေမှုများနှင့်အတူ အကအလှများကိုလည်း အခမဲ့ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ပါဝင်ပြသ ရောင်းချလိုသော သမဝါယမအသင်းအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ စက်မှုကုန်ထုတ်လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်သူများ၊ ဒေသခံ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများ၊ စားသောက်ဆိုင်များအတွက် ၁၂ ပေပတ်လည် ဆိုင်ခန်းတစ်ခန်းလျှင် သင့်ငွေနှုန်းထားဖြင့် ကော့သောင်းမြို့ ဖုန်း ၀၉-၄၆၉၀၆၈၀ နှင့် ဖုန်း ၀၁-၂၇၂၂၄၇၁ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အတွေးသစ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရကြသူများ စာရင်းနှင့်အတူ မထေရ်မြတ်တို့ စကားဝိုင်း(ဓမ္မဘေရီ-အရှင်ဝီရိယ)၊ ထက်ခေါင်၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာ ခင်မောင်ညို၊ ကျော်ဦး၊ ဖေအောင်ကြိုင်၊ မောင်ကျေးဇူး၊ မောင်ဉာဏ်သစ်၊ စိုးမြိုင်၊ ခင်စောတင့်တို့၏စာများ၊ သုမောင်၏ကဗျာ၊ စာရေးဆရာ ဘယ်လိုဖြစ်လာသလဲ(မြတ်ဆွေ) အပါအဝင်၊ မျက်မှောက်ရန်ကုန်၊ မျက်မှောက်မန္တလေးနှင့် အင်တာနက်သတင်းများ စသည့် ဖတ်စရာ၊ မှတ်စရာများဖြင့် အတွေးသစ်ဂျာနယ်၊ အတွဲ-၄၊ အမှတ်စဉ် (၁၆၇)ကို ဖြန့်ချိထားသည်။ (က-ပ)

လက်ဆောင်ပေးအပ်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမက(၆)ပညာရေးစုံညီပွဲတော် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲ၊ ကမ္ဘည်းမော်ကွန်းတိုင် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းရှိန်က ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်အား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။ (က-ပ)

မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇန်နဝါရီ ၁၂

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် ပဲခူးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ရန်ကုန်-မန္တလေး ရထားလမ်း ဘုရားသုံးဆူဘူတာ၌ ရထားပေါ်မှ ဆင်းလာသူ ဌေးဦးအား စစ်ဆေးရှာဖွေရာ ၄င်းလွယ်ထားသော ကျောပိုးအိတ်အတွင်းမှ ဆေးခြောက် ၁ ဒသမ ၃၀၆၄ ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ညောင်လေးပင်မြို့ မြို့မ(၄) တိုးချဲ့ ကွက်သစ်နေ ဦးဖြူ၏သား ဌေးဦး(ခ) မောင်ပုအား ညောင်လေးပင် ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေး တိုင်ချက်အမှတ် ၁/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

သီးခြားစီကျခံ

အမှုကို ပဲခူးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် တရားရုံးက တရားခံ ဌေးဦးအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်များကို သီးခြားစီ ကျခံစေရန် ပြစ်ဒဏ် အသီးသီးချမှတ်ခဲ့သည်။

ဖမ်းဆီးရမိ

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် တောင်ကြီး မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် မတ် ၆ ရက်တွင် သတင်းအရ မိုင်းရှူးမြို့ ကုန်းမြင့်သာရပ်နေ မစန်းစန်းမြင့်(ခ)အားတူ၏ နေအိမ်ကို ရှာဖွေရာ ဘိန်းစိမ်း ၇ ဒသမ ၈၃၇၄ ကီလို၊ ဘိန်းရည် သုည ဒသမ ၅ လီတာ ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မိုင်းရှူးမြို့ ကုန်းမြင့်သာရပ် နယ်မြေ(၁)နေ ဦးလီဆန်း၏ သမီး မစန်းစန်းမြင့်(ခ) အားတူ(ခ) လီတိုင်းရီအား လွယ်ဆောင် ထောက်ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၆/၂၀၀၃ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/ ၂၀(က)အရ အရေးယူခဲ့သည်။

ပြစ်ဒဏ်ချမှတ်

အမှုကို တောင်ကြီးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် တရားရုံးက တရားခံ မစန်းစန်းမြင့်အား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၅နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ (သတင်းစဉ်)

ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောနှင့် စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့်သူများ၊ အောင်မြင်ပြီးသူများ၊ လုပ်ငန်းခွင်ဝင်ရောက်ကြမည့်သူများနှင့် လုပ်ငန်းခွင်အတွင်းမှ ဝန်ထမ်းများ တိုးတက်အောင်မြင့်တင်လိုသူများအတွက် အထောက်အကူပြုမည့် ကွန်ပျူတာသင်တန်းအမျိုးမျိုး၊ စာရင်းကိုင် Level I & II သင်တန်းနှင့် အခြေခံနှင့်အဆင့်မြင့် အင်္ဂလိပ်စကားပြော သင်တန်းများကို R.S Computer Centre တစ်နေရာတည်းတွင် သင်ယူနိုင်သည်။

— ဆက်သွယ်စုံစမ်း —

လဆန်းတိုင်း တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဖုန်း-၀၉၉၉-၂၂၈၂၇ အမှတ်(၃၂)၊ ပထမထပ်၊ တိုက်(၁)၊ အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီးသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒေသကြက် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးရေး ကြက်ဥဖောက်စက်နှစ်လုံး လွှဲပြောင်းပေးအပ်

မြဝတီ ဇန်နဝါရီ ၃

ကရင်ပြည်နယ်မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ကြက်ဥဖောက်စက်နှစ်လုံး ပေးအပ်သည့် အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦး တက်ရောက် အမှာစကားပြောကြားပြီး ဥဖောက်စက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ခရိုင် မွေး/ကု ဦးစီးမှူး ဒေါက်တာခင်ဇော်သို့ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

ပေးအပ်

အခမ်းအနားတွင် အေပီအိုင်ကုမ္ပဏီမှ ထုတ်လုပ်သည့် တန်ဖိုးကျပ် ၁၈၀၀၀၀ရှိ ကြက်ဥ ၁၆၈ လုံးဆံ့ ဥဖောက်စက်တစ်လုံးနှင့် တန်ဖိုးကျပ် ၅၉၀၀၀ ရှိ ကြက်ဥ ၃၆ လုံးဆံ့ ဥဖောက်စက်တစ်လုံးကို မြဝတီခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ပေးအပ်သည်။

၎င်းကြက်ဥဖောက်စက်နှစ်လုံးကို မြဝတီခရိုင် ဒေသကြက် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးရေးလုပ်ငန်းတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၉၅)



ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ရွှေကျင်နိကာယ ဓမ္မိကာရာမ ကျောင်းသစ်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း နှစ်ထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ကျောင်းတိုက်ဓမ္မာရုံတွင်ကျင်းပရာ အလှူရှင်ဦးကောက်-ဒေါ်နုမိသားစုက အလှူငွေကျပ် သိန်း၄၀ ကို ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းစဉ်။ (၃၅၅)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

ငွေရတုဓမ္မသဘင်ပွဲ ကျင်းပမည်

ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၃၀

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၁)ရပ်ကွက်ရှိ ပရိယတ္တိသဒ္ဓမ္မ ဝါစံမင်းကျောင်း စာသင်တိုက် (၂၅)နှစ်ပြည့် ငွေရတုဓမ္မသဘင်ပွဲကို တပို့တွဲလဆန်း ၁ ရက်နေ့မှစတင်၍ ကျင်းပမည်ဖြစ်ရာ ဘဒ္ဒန္တ သုန္ဒရ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) တိုင်းသံဃနာယကအဖွဲ့ဝင်၊ ပဲခူးတိုင်း၊ ဘဒ္ဒန္တ သူရိယဓဇ (မဟာသဒ္ဓမ္မဇောတိကဓဇ)ပြည်နယ်သံဃနာယက အကျိုးတော်ဆောင်၊ ရခိုင်ပြည်နယ်တို့က တရားတော် များကို ငါးညတိုင် ဟောကြားမည်ဖြစ်သည်။ ၎င်းလဆန်း ၇-၈ ရက်တို့တွင် သဒ္ဓမ္မဝါစံ ငွေရတုဓမ္မဗိမာန်တော် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားနှင့် ငွေရတုအလှူတော် မင်္ဂလာအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

သန်လျင်မြို့ မြို့ဟောင်းအလယ် အခြေခံပညာ အလယ်တန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျောင်းခန်းမ၌ ပြုလုပ်ရာ ပထမတန်းမှ သတ္တမတန်းထိ ခုနစ်နှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ထွဋ်ပိုင်သွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

ရွှေတောင်ကျေးရွာ မူလတန်းကျောင်းသစ်ဖွင့် အဆင့်မီကျောင်းများ ဖြစ်ပေါ်ရေးဆွေးနွေး

ဝက်လက် ဇန်နဝါရီ ၁

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ရင်းတောကျေးရွာအုပ်စု ရွှေတောင်ကျေးရွာအခြေခံပညာ မူလတန်းကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ရွှေတောင်ကျေးရွာတွင် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးမောင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ယုယုနိုင်၊ မြို့နယ်လက်ထောက် ပညာရေးမှူး ဦးခင်မောင်ဌေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒု-ဦးစီးမှူးဦးဌေးဝင်း၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးအေး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးမြင့်လွင်၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ ရင်းတောကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဖုန်း၊ ရွှေတောင်ကျေးရွာခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ယုယုနိုင်က မြို့နယ်အတွင်း မူလတန်းကျောင်းသစ်လေးကျောင်းဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းနှင့် အဆင့်မီကျောင်းများ ဖြစ်ပေါ်လာစေရေးတို့ကို ဆွေးနွေးပြောကြားသည်။

ရင်းတောရွာကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းက ကျောင်းဖွင့်လှစ်နိုင်ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး ရွှေတောင်ကျောင်းနှင့် ပတ်သက်သောဖိုင်များ၊ စာရွက်စာတမ်းများတို့ကိုကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးစိန်ဝင်းက မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။ **(၂၃၀)**

စစ်ဆေးကြည့်ရှု

ဒီဇင်ဘာ ၂၄ ရက်က မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းကြီးကြပ်ပြီး အင်ဂျင်နီယာမှူး ဒေါ်ချိုချိုခင်နှင့်အဖွဲ့ မြင်းခြံမြို့နယ် ကုက္ကဲ့ကျေးရွာ တန်ဖိုးနည်းကျေးလက်အိမ်ရာ ၁၀ လုံး ဆောက်လုပ်နေခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးကြည့်ရှုကြစဉ်။ (၁၁၄)

မိုးစပါးထူးချွန် တောင်သူများ ဆုချီးမြှင့်

ကျိုက်လတ် ဇန်နဝါရီ ၃

ကျိုက်လတ်မြို့နယ်၏ ၂၀၀၃ ခုနှစ် မိုးစပါးထူးချွန်စံပြ တောင်သူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဝါလတ်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့်တောင်သူဦးကြီးများ တက်ရောက်ကြသည်။

— လက်ဆောင်ပေးအပ် —

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မန်နေဂျာ ဦးနေမျိုးတို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စံပြထူးချွန်ဆုရရှိသော ဆုရတောင်သူများအားတစ်ဦးချင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုလက်ဆောင်များပေးအပ်သည်။ **(မြို့နယ်ပြန်/ဆက်)**

မိတ္ထီလာမြို့နယ်

ကျေးရွာချင်းဆက်လမ်းများ

ဖောက်လုပ်

ဒေသထွက်ကုန်များ

အလွယ်တကူ

ရောင်းဝယ်နိုင်

မိတ္ထီလာ ဒီဇင်ဘာ ၃၁

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိတ္ထီလာမြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများအပြင် ကျေးလက်လမ်းဖောက်လုပ်ခြင်းနှင့် ကျေးရွာများသန့်ရှင်းသည့် သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ရွာတန်းရှည်-အုံတုံမြေသားလမ်း တိုးချဲ့ခြင်းလုပ်ငန်း၊ ထမုန်ကန်-ရွှေတောင်လမ်း၊ ဂဠုံကုန်း ကျေးရွာအုပ်စုနှင့်ကျောက်ဖြူကုန်းကျေးရွာ အုပ်စုချင်းဆက်လမ်းများ ဖောက်လုပ်သွားမည်ဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်လမ်း၊ တံတား(ငွေလုံး)လုပ်ငန်းတစ်ခုအဖြစ် မြေသားလမ်းဖောက်လုပ်ရန်ခွင့်ပြုငွေဖြင့် မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးသင်းမင်းလတ်သည် ၂၀၀၃ ခုနှစ် အောက်တိုဘာလမှစ၍ အရှည်ပေ ၁၉၂၃၀ပေ အကျယ်ပေ၂၀ ရှိ ဂဠုံကုန်းကျေးရွာအုပ်စုနှင့် ကျောက်ဖြူကုန်းကျေးရွာအုပ်စုချင်းဆက်လမ်းကို အမြန်ဆုံးဖောက်လုပ်လျက်ရှိသည်။ ထိုကျေးရွာချင်းဆက်လမ်းပြီးစီးသွားပါက လက်ပံ-ခါးကော့- ဂဠုံကုန်း-အုတ်မြေကန်-ကျောက်ဖြူကုန်း-အင်းပက်လက်၊ အုတ်နဲ့ဘုတ်နှင့် ရှင်မြို့ကျေးရွာများမှ မိတ္ထီလာဈေးသို့ အလွယ်တကူကူးသန်းရောင်းဝယ်သွားနိုင်မည်ဖြစ်သည်။ **(၁၁၁)**

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၈ရက်တွင် တနင်္သာရီတိုင်း ပုလဲဒုံးအော်ဒေသရှိ မြန်မာအတ်တလန်တစ် ဖက်စပ်လုပ်ငန်းသို့ရောက်ရှိလာရာ တာဝန်ရှိသူများက ပုလဲမွေးမြူထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီးက လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပြန်လည်ဆွေးနွေး မှာကြားပြီး ယင်းလုပ်ငန်း၏ မုတ်ကောင် သားဖောက်လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒိုမယ်ကျွန်းရှိ မြန်မာတာဆာကီ ပုလဲဖက်စပ်လုပ်ငန်းသို့ ရောက်ရှိရာ ရှေးဦးစွာ တာဝန်ရှိသူများက လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဒုတိယဝန်ကြီးက လုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် အောင်မြင်တိုးတက်နေမှုအတွက် ဖက်စပ်လုပ်ငန်း၌ တာဝန်ထမ်းဆောင်နေကြသော ပြည်တွင်း၊ ပြည်ပကျွမ်းကျင်သူများ၊ ဝန်ထမ်းများအား ချီးကျူး ဂုဏ်ပြုစကားပြောကြားပြီး ပိုမိုတိုးမြင့်ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရန် မှာကြားသည်။

ဇန်နဝါရီ ၉ရက် နံနက်ပိုင်းတွင် ပုလဲကျွန်းကြီးရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးစခန်းသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဖက်စပ်လုပ်ငန်းများ၏ အခြေအနေ တိုးတက် အောင်မြင်မှုများ၊ မြန်မာ့ပုလဲလုပ်ငန်း၏ လုပ်ငန်းအောင်မြင်တိုးတက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာသားဖောက်ပညာရှင်များဦးစီး၍ မြန်မာ့ပုလဲလုပ်ငန်းမှ မုတ်ကောင်သားဖောက် လုပ်ငန်းများ ဆောင်ရွက်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။ ပင်လယ်ပြင်၌ ရေချမွေးမြူထားသော မုတ်ကောင်များ မုတ်တန်းများသို့သွားရောက်၍ ပုလဲပိုက် မုတ်ကောင်များ၊ သားဖောက်မုတ်ကောင်များအား ပုံမှန်သန့်ရှင်းထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေပုံများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းဖက်စပ်များဖြစ်သော အရှေ့တိုင်းပုလဲလုပ်ငန်းနှင့် မြန်မာနီနိုပုလဲ မွေးမြူရေးစခန်းများသို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၃-၁-၂၀၀၄)ရက်ထိ
MICT Park ၊ ရန်ကုန်မြို့

လုပ်သားများကောလိပ် ရူပဗေဒအဓိက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

၁၉၇၂-၇၇ ပညာသင်နှစ် လုပ်သားများ ကောလိပ် ရူပဗေဒအဓိက ကျောင်းသူ၊ ကျောင်းသားများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့)တွင် အိုလံပစ်တာဝါ (၁၂)ထပ် အခန်း(၁) ဗိုလ်အောင်ကျော်လမ်း၌ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများကို ဇန်နဝါရီ ၁၄ရက်နောက်ဆုံးထား၍ ဦးကျော်သူ ဖုန်း-၂၅၆၆၀၂၊ ဦးစိန်သန်း ဖုန်း-၅၇၉၉၂၆နှင့် ဦးတင်အေး ဖုန်း-၆၆၆၇၀၈တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နက်ဝပ်ဂိမ်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ MICT Park နှစ်ပတ်လည် အခမ်းအနားနှင့် အိုင်စီတီရက်သတ္တပတ် အခမ်းအနားတွင် Myanmar National Counter Strike Championships Network Game ပြိုင်ပွဲကို MICT Week အတွင်း ဇန်နဝါရီ ၂၂ရက်မှ ၂၆ရက်အထိ အမျိုးသားအဆင့်ပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို အကြီးတန်း၊ အငယ်တန်းဟူ၍ နှစ်မျိုးခွဲ ကျင်းပမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသော အသင်းများသည် (1) net-Zone (2) red apple (3) inet (4) Cyber city net bar (5) the goons (6) XgamerZ (7) Lan Wizards (8) MSM internet cafeများ၌ ဇန်နဝါရီ၂၀ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

Applied Network Course ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

Informatics Botataung Centreသည် နိုင်ငံပေါင်း ၅၀ရှိ Informatics Centre ပေါင်း ၆၃၀တွင် ပို့ချလျက်ရှိသော Syllabus အတိုင်း သင်ကြားလျက်ရှိပြီး ဇန်နဝါရီ ၁၄ရက်တွင် Applied Network Courseကို ဖွင့်လှစ်မည်ဖြစ်ရာ ကျွမ်းကျင်၍ အတွေ့အကြုံရင့်ကျက်သောဆရာကိုယ်တိုင် သင်ကြားမည်။ ၎င်း Courseတွင် File and Print Sharing, Game Setup, Internet Gateway (ICS,Router,Proxy), Mail Management With VPOP3, DNS, DHCP, NNTP, SMTP,IRCD, FTP, IIS, HTTP, Telnet , Terminal, Service, NTFS and Share Permission, Auditing and Monitoring, Account Management With policy for Domain Model နှင့် Integrating with Linux in file and Print Sharing System များဖြင့် Network တစ်ခု ကို ကောင်းမွန်စွာ ဖန်တီးတည်ဆောက်နိုင်သည့် အဆင့်ထိ သင်ကြားပေးမည်ဟု သိရသည်။

သင်တန်းတစ်ခုတွင် သင်တန်းသား ၁၀ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပြီး ပထမဦးဆုံး စာရင်းပေးသွင်းသော သင်တန်းသားငါးဦးအား Discountပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။ အသေးစိတ်သိလိုပါက အမှတ် ၂၂၀/၂၂၂၊ ဗိုလ်တထောင်ဘုရားလမ်း ဖုန်း ၂၀၀၃၄၃၊ ၂၀၃၁၈၈နှင့် ၂၉၆၈၂၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (က-ပ)

ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ရုပ်ပျိုတိုင်းရင်းဆေးလှူလာ

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ အပတ်စဉ်(၃၆) ပညာရေးဘွဲ့ သင်တန်းသား၊ သင်တန်းသူ ၂၆၁ဦး ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ဒုတိယပါမောက္ခ ဦးသိန်းနုဦးဆောင်၍ ကြီးကြပ်အုပ်ချုပ်သူ ၂၃ဦးလိုက်ပါလျက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နေ့လယ်ပိုင်းက ရွှေဘိုမြို့ ရုပ်ပျိုတိုင်းရင်းဆေး ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိလာကြပြီး GMPနှင့်အညီ ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်လျက်ရှိသော တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုများကို လေ့လာကြည့်ရှုကြပြီး ၎င်းလေ့လာရေးအဖွဲ့အား ရုပ်ပျိုတိုင်းရင်းဆေးမှ အထွေထွေမန်နေဂျာ ဦးဇော်ဇော်က ဆေးဝါးထုတ်လုပ်မှု အဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အတွက် တိုင်းရင်းဆေးဝါးမျိုးစုံ လှူဒါန်းပေးအပ်သည်။ ၎င်းလေ့လာရေးအဖွဲ့အား ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ရွှေဘိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လေ့လာရေးခရီးစဉ် အဆင်ပြေ ချောမွေ့စေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီခဲ့ကြောင်း သိရှိရသည်။ (က-ပ)

ကွန်ပျူတာပရိုဂရမ်းမင်း သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ကွန်ပျူတာနှင့်ပတ်သက်ပြီး အခြေခံမှစတင်၍ လေ့လာလိုသူများအတွက် True Hope Computer Business Centre မှ ကွန်ပျူတာသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ Programming အခြေခံ Course ဖြစ်သော C/C++ Programming Course ကို ဇန်နဝါရီ ၂၂ရက်(ကြာသပတေးနေ့)မှစ၍လည်းကောင်း၊ Java Programming Course (Level 1)ကို ဇန်နဝါရီ ၁၀ရက်(စနေနေ့)မှ စ၍လည်းကောင်း၊ လုပ်ငန်းခွင်သုံးProgramming Subject တစ်ခုဖြစ်သော Visual Basic Course ကို ဇန်နဝါရီ ၂၁ရက် (ဗုဒ္ဓဟူးနေ့)မှ စ၍လည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

ရင်သွေးငယ်များအတွက် အထူးကွန်ပျူတာသင်တန်း (Computer for Kids) ကို အိမ်အရောက်သင်ကြားပေးရန် အစီအစဉ်ရှိသည်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက တိုက်အမှတ်(၇) အခန်း(၂၁) စံပြ ဖ-ဆ-ပ-လ အိမ်ရာဝင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၃၅၂ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ အခမဲ့သင်ကြားပေးပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်ရှိပါသဖြင့် စိတ်ပါဝင်စားသူများ အထက်ပါလိပ်စာအတိုင်း ဇန်နဝါရီ ၁၅ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပြီး လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။ (က-ပ)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရတနာမွန်(၅)လမ်း၊ အမှတ်(၇)နေ ဦးဇော်ဝင်း-ဒေါ်လှလှဆန်းတို့၏သား

ဗိုလ်ဇော်မိုး

B.A(D.S.A), M.A(Myanmar)

Final Part II(Y.U) Diploma in Business Law (Y.U)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာအေးလမ်း၊ အမှတ်-၂(ယ-ခ)နေ ဦးကြည်ညွန့်-ဒေါ်ခင်သန်းဝင်း [တင်တင်အေး(ထိပ်တန်း) မုန့်ဟင်းခါးဆိုင် အမှတ်(၁)]တို့၏ သမီးကြီး

မဟန်စုယဉ်

Final Year Law (U.D.E),

Intermediate I, Japanese (Y.U.F.L)

တို့၏ ၁၀-၁-၂၀၀၄ ရက်နေ့ Sedona Hotel ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင် စံပယ်ပန်းကုံးချီးမြှင့်ပေးသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီး(အငြိမ်းစား)၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်သန်းမြင့်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော နှလုံးခွဲစိတ်အထူးကုဆရာဝန်ကြီး (အငြိမ်းစား)ပါမောက္ခ ဒေါက်တာဦးရဲမြင့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်လေး၊ ၁၉-၁၂-၂၀၀၃နေ့ နေအိမ်၌ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးသော ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအောင် (စီမံဌာန) တရားရုံးချုပ်၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ တေးဂီတနှင့် ဖျော်ဖြေပေးသော Emperor တေးဂီတအဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ညီအစ်ကိုမောင်နှမ သူငယ်ချင်းများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ဇော်မိုး-မဟန်စုယဉ်။

ကားရောင်းမည်။
GRANDE MARK II
1988 model
PH : 534457

အမြန်ငှားမည်
PH : 296911, 293294

Silver View ငွေဆောင်ကမ်းခြေမှာ အပန်းဖြေပါ
BEACH RESORT (NGWE SAUNG)
(Silver View Package Tour အထူးအစီအစဉ်)

ကိုကာဆူကီ ရှုန်းကဲ့ နှစ်သစ်ကူးပွဲတော်
အထူးအစီအစဉ်

၂၀၀၄ ခုနှစ် နွေဦးပွဲတော် အခါသမယတွင် ကိုကာဆူကီမှ . . .

- နှစ်သစ်ကူး အစွင့်ဟင်းလျာပွဲ (Fortune Appetiser) နှင့်
- တရုတ်ရိုးရာအချိုပွဲမျိုးစုံ (Chinese Dessert) တို့ကို (၁၅.၁.၂၀၀၄) မှ (၃၁.၁.၂၀၀၄)နေ့အထိ ကြွရောက်အားပေးကြသောဧည့်သည်တော်များအားလုံးအတွက် နှစ်သစ်ကူး မေတ္တာလက်ဆောင်အဖြစ် တည်ခင်းဧည့်ခံသွားမည်ဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များအားလုံးသို့ သတင်းကောင်းပါးလိုက်ပါသည်။
- ယခင် One For One Free Suki Buffet အစီအစဉ်ကိုလည်းဆက်လက်ထားရှိပါသည်။

COCA SUKI RESTAURANT
အမှတ် (၃၅၀)၊ အလုံလမ်း၊ (ဆန်းစစ်ပါတီဗြူး ဟိုတယ်ဝင်းအတွင်း)၊
ဒဂုံ မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၂၈၈၀၄၊ ၂၂၈၈၀၅

တောင်ကြီး အေးသာယာ စက်မှုဇုန်၌ သဒ္ဓမ္မဝေပုလ္လ သိမ်တော် ဆောက်လုပ်လှူဒါန်း

တောင်ကြီး ဇန်နဝါရီ ၁၀

တောင်ကြီးမြို့ အေးသာယာစက်မှုဇုန် ရှမ်းစတားဂျစ်နှင့် အောင်မြင်ရှမ်းစတား ပစ်ကပ် မော်တော်ယာဉ် ထုတ်လုပ်ရေး လုပ်ငန်း မိသားစု၏ ဘုရားအနေကဇာတင်၊ ရဟန်းခံ၊ သိမ်ကျောင်းရေစက်ချ အလှူတော်မင်္ဂလာကို ဇန်နဝါရီ ၆ ရက်တွင် အေးသာယာစက်မှုဇုန် လေသာတောင် အောင်ချမ်းသာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အလှူဒါယကာ ဦးဘထူး-ဒေါ်တင်လှ၊ ဒေါ်တင်မြ၊ သား ဦးတင်အောင်နိုင်-ဒေါ်ယဉ်ယဉ်အေး၊ မခင်မြရင်၊ ကိုတင် မောင်ထွေး-မစိန်လှဝင်း မိသားစုတို့က အေးသာယာ စက်မှုဇုန် လေသာဆောင် အောင်ချမ်းသာကျောင်းဝင်းအတွင်း သာသနာ့ဝတ္ထုကံမြေ၌ သဒ္ဓမ္မဝေပုလ္လသိမ်တော် ဆောက်လုပ်လှူဒါန်းခြင်း၊ သိမ်အထက်စေတီတော်နှင့် စေတီရံများ ထီးတော်တင်လှူခြင်း **(အပေါ်ပုံ)**၊ ဗုဒ္ဓရုပ်ပွားတော်များ အနေကဇာတင်ခြင်းနှင့် ဥပသမ္ပဒ ကံဆောင်ရဟန်းဘောင်သို့ ချီးမြှင့်ခြင်း ရေစက်ချအလှူမင်္ဂလာတို့ကို ကျင်းပကြသည်။ **(က-ပ)**

ရမည်းသင်းမြို့နယ်၌ အလှူရှင်စက်ရေတွင်းများဖွင့်

ရမည်းသင်း ဇန်နဝါရီ ၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တူးဖော်ပြီးစီးခဲ့သော စက်ရေတွင်းများဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီတွင် လွှစင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရင်ဂါတ်ကုန်းကျေးရွာအုပ်စု ကန်သာကျေးရွာ၌ လည်းကောင်း ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးစန်းမောင်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

အဆိုပါစက်ရေတွင်းများကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေနှင့် ကျေးရွာလူထု ထည့်ဝင်ငွေဖြင့် တူးဖော်ခဲ့ခြင်းဖြစ်ပြီး ရေထွက်အားကောင်းမွန်၍ ကျေးရွာအိမ်ထောင်စုဝင်များ လုံလောက်စွာ သောက်သုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ဌေးတို့ ဒီဇင်ဘာ ၁ ရက်က ဘိုကလေးမြို့ ပန်းခြံ ပျိုးဥယျာဉ် တည်ထောင်ဆောင်ရွက်မှု အခြေအနေများကို လိုက်လံစစ်ဆေးကြည့်ရှုရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်/စည်ပင်)

မြို့နယ်သတင်းများ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၃ ရက်က တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ဖလုံ-စပါးကိုင်း ကျေးလက်ဂဝံလမ်းသစ်ကိုတိုက်ကြီးမြို့နယ်ဥက္ကဋ္ဌ ဦးစောသိန်းနှင့် အမှုဆောင်အရာရှိ ဦးခင်ကျော်တို့က ဖွင့်လှစ်ပေးစဉ်။ (၅၂၆)

ကျောက်တော် ကြံမျိုးပွားခြံနှင့် အထွက်တိုးဇုန်များ ကွင်းဆင်းစစ်ဆေး

ကျောက်တော် ဇန်နဝါရီ ၈

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အမှတ်(၁၆)သကြားစက် စက်ရုံမှူး ဦးခင်မောင်အေးသည် ဒုတိယ စက်ရုံမှူးဦးကျော်ခိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၃၁ ရက်က ကျောက်တော် ကြံမျိုးပွားခြံနှင့် မြို့နယ်အတွင်းရှိ ကြံအထူးအထွက်တိုးဇုန်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

စက်ရုံမှူးနှင့်အဖွဲ့သည် ၂၀၀၂-၂၀၀၃ ခုနှစ် ကြံရာသီတွင် တစ်ဧကအထွက်နှုန်း တန်ချိန်အများဆုံးရရှိသော ကြံတောင်သူ ဒေါ်မြသန်းဝေ၏ အထွက်တိုးကြံစိုက်ခင်းသို့ သွားရောက်ကြည့်ရှုကာ ယခုကြံစိုက်ရာသီတွင် အထူးအထွက်တိုးဇုန်များအတွင်း သီးနှံအထွက် တိုးတက်လာစေရေးအတွက် လိုအပ်မည့် ပံ့ပိုးပစ္စည်းများကို ကြံစိုက်တောင်သူများလက်သို့ အချိန်မီလုံလောက်စွာ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မှာကြားသွားသည်။ **(၄၅၈)**

ပညာပဒေသာ စာကြည့်တိုက် ဖွင့်လှစ်

ပဲခူး ဇန်နဝါရီ ၇

ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပညာပဒေသာ စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက သာယာကုန်း စံပြကျေးရွာ၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဦး၊ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်း၊ ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)တို့က အမှာစကားပြောကြားကြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်က ရှင်းလင်းတင်ပြကာ တာဝန်ရှိပုဂ္ဂိုလ်များက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ သာယာကုန်း စံပြကျေးရွာ ပညာပဒေသာ စာကြည့်တိုက်တွင် မဂ္ဂဇင်း၊ ဂျာနယ်၊ လုံးချင်းဝတ္ထု၊ ကျမ်းစာအုပ်အပါအဝင် စာအုပ်ပေါင်း ၂၃၀၀ စုဆောင်းထားရှိပြီး ဖြစ်သည်။ **(၄၀၃)**

အမျိုးသမီးများ ဝင်ငွေတိုးရေး စက်ချုပ်သင်တန်းဖွင့်

မိုးညို ဒီဇင်ဘာ ၂၆

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် မိုးညိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဦးဆောင်မှုဖြင့် အမျိုးသမီးများ ဝင်ငွေတိုးရေးအတွက် စက်ချုပ်သင်တန်းအမှတ်စဉ်(၂/၂၀၀၃) ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မြို့နယ်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်ဆွေဆွေဦးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ **(က-ပ)**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ဒိုက်ဦးမြို့နယ်၌ ကျေးရွာလမ်း ဖွင့်ပွဲကျင်းပ

ဒိုက်ဦး ဇန်နဝါရီ ၆

ဒိုက်ဦးမြို့နယ်၌ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဂဝံလမ်းနှင့် ကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီက အိမ်ခြေလေးဆယ် ကျေးရွာနှင့် သရက်တောကျေးရွာ ဆက်သွယ်သည့် ကျေးလက်ဂဝံလမ်းဖွင့်ပွဲကို အိမ်ခြေလေးဆယ်ကျေးရွာလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

— ကြည့်ရှု —

ဆက်လက်၍ နံနက် ၈ နာရီတွင် ဒိုက်ဦးမြို့မနှင့် ဖအောင်ဝဲကျေးရွာ ဆက်သွယ်သည့် ကတ္တရာလမ်းဖွင့်ပွဲကို မင်းလမ်းတာဇုန်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ ဒုတိယဗိုလ်မှူးကြီး တင်မြင့်(ငြိမ်း)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန်နှင့် တာဝန်ရှိသူများက လမ်းဘေးဝဲယာတစ်လျှောက် ကြည့်ရှုကြသည်။

(အောက်ပုံ) (၁၃၀)

ညောင်တုန်းမြို့နယ် စက္ကော့တောင် တွဲဖက်အထကတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ကျင်းပရာ ဧရာဝတီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဘိုရွှေက ကျောင်းအုပ်ဆရာကြီး ဦးခင်လှိုင်သို့ ပေးအပ်စဉ်။ (၁၆၁)

ဆေးဝါးများ အခမဲ့ထောက်ပံ့ကုသ

ကတုတ် ဇန်နဝါရီ ၇

ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီမှ ဦးဆောင်၍ ပဲခူးတိုင်း အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများအဖွဲ့ ကိုးဖွဲ့အား ခေတ္တခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဦးချစ်ကိုကိုဦးဆောင်၍ ဒီဇင်ဘာ ၂၀ ရက်တွင် ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးလက် ကျန်းမာရေးဌာနသို့ ကွင်းဆင်းပြီး လူနာများအား ပဲခူးတိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးကော်မတီမှ ဆေးဝါးများ အခမဲ့ ထောက်ပံ့ပေးပြီး ကုသပေးခဲ့သည်။

မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် ကတုတ်ဘုရားကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က လိုအပ်သည်များအား ကူညီပံ့ပိုးပေးခဲ့ပြီး၊ အနီးပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာမှ လူနာ ၂၉၀ ဦး လာရောက် ဆေးဝါးကုသမှု ခံယူခဲ့ကြောင်း သိရသည်။ **(က-ပ)**

လှိုင်သာယာ နေ့ကလေးထိန်းကျောင်း အားကစားလှုပ်ရှားမှု ဆုချီးမြှင့်ပွဲ ကျင်းပ

လှိုင်သာယာ ဇန်နဝါရီ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာစက်မှုမြို့ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အမှတ်(၂) နေ့ကလေးထိန်းကျောင်း၏ ဒီဇင်ဘာ အားကစားလှုပ်ရှားမှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက်က ကျင်းပရာ ကျောင်းအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်အေး၊ စီမံကိန်းမန်နေဂျာ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ရွှေလင်ပန်းစက်မှုဇုန် စီမံကိန်းမန်နေဂျာ ဦးဝမ်းမြင့်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာမများ၊ ရင်သွေးငယ်များ၏ မိဘများ စုံညီစွာတက်ရောက်ကြသည်။

အားကစားနည်းများအလိုက်၊ သက်တမ်းအလိုက် ဆုရရှိကြသော ရင်သွေးငယ်များအား ကျောင်းအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်အေး၊ ရွှေလင်ပန်းစက်မှုဇုန် စီမံကိန်းမန်နေဂျာ ဦးဝမ်းမြင့်၊ အမှတ်(၁) နေ့ကလေးထိန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းနှင့် အမှတ်(၂) နေ့ကလေးထိန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီမြင့်တို့က ဆုများချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။ **(၄၉)**

မုံရွာစက်မှုဇုန်(ရန်ကုန်)အရောင်းပြခန်းဖွင့်ပွဲဝန်ကြီးများ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၂

မုံရွာစက်မှုဇုန်(ရန်ကုန်) အရောင်းပြခန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း အမှတ်(၈၆/၈၈)၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ စက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီဝင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အကြီးအကဲများ၊ မုံရွာစက်မှုဇုန်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ခင်နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မုံရွာစက်မှုဇုန် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ခင်က မုံရွာစက်မှုဇုန် (ရန်ကုန်) အရောင်းပြခန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁) စက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် မုံရွာစက်မှုဇုန် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ခင်တို့က မုံရွာစက်မှုဇုန် (ရန်ကုန်) အရောင်းပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မုံရွာစက်မှုဇုန် တာဝန်ခံ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အရောင်းပြခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

မုံရွာစက်မှုဇုန်(ရန်ကုန်) အရောင်းပြခန်းတွင် မုံရွာ စက်မှုဇုန် ထွက် မော်တော်ယာဉ်များ၊ လယ်ယာသုံး စက်ပစ္စည်း အမျိုးမျိုး၊ မုံရွာပဲဆီသန့်၊ ပဲကြာဆံ၊ ခေါက်ဆွဲနှင့် မုံရွာစောင်များ၊ ချည်ထည်ပစ္စည်းများ၊ အေးငြိမ်းသီတာ မြန်မာဆေးအမျိုးမျိုး၊ သစ်အချောထည်ပစ္စည်းများနှင့် ဘက်ထရီအိုးများကို ပြသရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

မုံရွာစက်မှုဇုန် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မုံရွာစက်မှုဇုန်(ရန်ကုန်) အရောင်းပြခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (အပေါ်ပုံ) (ပို့ဆောင်ရေး)

ကျောက်တံတား စာပေစာနယ်ဇင်း နှစ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ကျောက်တံတားမြို့နယ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီလ ၁၁ ရက် နံနက် ၁၀ နာရီတွင် ပန်းဆိုးတန်းလမ်း အမက(၆) ၌ ကျင်းပသည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးကျော်စိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးသန်းအေးက ဆောင်ရွက်သည်။

အစည်းအဝေးသို့ စာပေနှင့် စာနယ်ဇင်း ဗဟိုမှ အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)၊ ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရွှေမောင်တို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။ အစည်းအဝေးတွင် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းများ တင်ပြအတည်ပြုကြသည်။ (က-ပ)

Software Engineering သင်တန်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၂

Informatics လမ်းမတော်တွင် Software Engineeringသင်တန်းကို ဇန်နဝါရီ ၆ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး စင်ကာပူမှ သင်ရိုးညွှန်းတမ်း Assignment, Progress Test, Final Exam များဖြင့် ထိရောက်စွာသင်ကြားပေးမည်ဖြစ်သည်။သင်တန်းပြီးဆုံးအောင်မြင်ပါက စင်ကာပူနိုင်ငံ Informationမှ တိုက်ရိုက် ချီးမြှင့်သော Certificate ကို ထိုက်တန်စွာ ရရှိမည်ဖြစ်ပြီး Programmer, System Analyst, Software Engineerများအဖြစ် လုပ်ငန်းခွင် ဝင်ရောက်နိုင်မည် ဖြစ်သည်။ နိုင်ငံတကာ အသိအမှတ်ပြုစာမေးပွဲများကို ဝင်ရောက်ဖြေဆိုရန်အတွက် အခြေခံကောင်း ရရှိစေမည်ဖြစ်သည်။

ထို့အပြင် Window & Office, Destop Publishing, Email & Internet, Graphic Design, Auto CAD,AccPAC(9.0A)(ကွန်ပျူတာဖြင့် စာရင်းကိုင်နည်း)၊Visual Basic သင်တန်းများကိုလည်း ဖွင့်လှစ်မည်ဖြစ်သည်။ အသေးစိတ် သိလိုပါက အမှတ်(၇၅၄)၊ ၁၆လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၅၁၀၆၄သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ကွန်ပျူတာဂျာနယ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၀၄ခုနှစ် မြန်မာနိုင်ငံ အိုင်စီတီလောကကို မှန်းဆထားသော ဇန်နဝါရီလထုတ် ကွန်ပျူတာဂျာနယ် ထွက်လာသည်။ ၂၀၀၃ ခုနှစ်ကို ဆန်းစစ်ချက်အပါအဝင်၊ ၂၀၀၃ခုနှစ် အတွက် အဆိုးရွားဆုံးနည်းပညာအဖြစ် ဗွီစီဒီ Protection နည်းပညာကို ရွေးချယ်ဖော်ပြထားပြီး၊ မြန်မာနှင့် နိုင်ငံတကာ ကွန်ပျူတာနှင့် အိုင်စီတီဖြစ်ထွန်းတိုးတက်ခြင်းဖြင့် စုံစုံလင်လင် ထွက်ရှိလာသည်။ **(ဝဲပုံ)** (က-ပ)

ကွန်ပျူတာသင်တန်းများဖွင့်လှစ်သင်ကြား

ရန်ကုန် ဇန်နဝါရီ ၁၂

STS Computer training&service center တွင် Computer Basic course, Programing Course, Hardware & System Maintainence[A+]Course များအပြင် Engineer ဘာသာရပ်များနှင့် သက်ဆိုင်သော Electronic Workbench 6.02 Course [Electronic Circoit များကို Computer ပေါ်တွင် Design ဆွဲ၍Simulationလုပ်ခြင်း]၊ Matlab 6.1 course [Engineering နှင့် သက်ဆိုင်သော ပုစ္ဆာများကို တွက်ချက်ခြင်း၊ Programရေးဆွဲခြင်းနှင့် Analysis လုပ်ခြင်း]၊ Auto CAD course [Civil Mechanical Architectore] သင်တန်းများ၊ ကွန်ပျူတာ စာစီစာရိုက်သင်တန်းများ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။

ထို့အပြင် ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဘွဲ့ယူကျမ်းစာအုပ်များကို မှန်ကန်သောနှုန်းထားဖြင့် လက်ခံဆောင်ရွက်ပေးသွားလျက်ရှိရာ အသေးစိတ်သိလိုပါက အမှတ်၂၂၂၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်) ယင်းမာတေးသံသွင်းအပေါ်ထပ်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၂၀၇၃သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် - ၃/၂၀၀၄ (၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ ၇ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများအလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
သုတေသနအရာရှိ (ကာကွယ်ဆေးစက်ရုံ)	တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(သို့မဟုတ်) တိရစ္ဆာန်ဆေးပညာဘွဲ့	၁ နေရာ

၂။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၄-၂-၂၀၀၄နေ့တွင် အသက်(၃၅)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၄-၂-၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

